
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** - ၅၀၀၅၇၄၀၅၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၆၂၀၇၁၁
၂၀၁၁ခုနှစ်၊ ဇူလိုင်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

- **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓာမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ဖ-ရပ်ကွက်၊ သာကေတမြို့နယ်။
- **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။
- **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက် ၉/အိတ်ချ်-နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။
- **မြန်မာ့ကျောက်မြို့ဖြန့်ချိရေး**
**ထိုင်းအောင်စာပေ**
အမှတ်-၄၉၊ မုန့်ရထလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
သစ်ငုတ်စိုးတဲ့ဖိုးသုညည
မော်ဆရာရေးတဲ့မရဏကျမ်း/သစ်ငုတ်စိုးတဲ့ဖိုးသုညည - ရန်ကုန်၊ ဂန္ဓာမြိုင်စာပေ၊ ၂၀၁၁။
၁၃၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) မော်ဆရာရေးတဲ့မရဏကျမ်း


# ပရိသတ်အတွက် အထူးအစီအစဉ်

သစ်ငုတ်စိုးတဲ့ ဖိုးသုညည၏
ချောက်ချောက်ချားချား ဝတ္ထုများအတွက်
အကောင်းဆုံး ဝေဖန်နိုင်သူ (၃)ဦးအား ဆုငွေကျပ်(၃)သိန်းနှင့်အတူ
ဖိုးသုညည ထွက်ပြီးသမျှ စာအုပ်များ လက်ဆောင်ပေးပါမည်။
ဝေဖန်လိုသူ ပရိသတ်များအား အထူးကျေးဇူးတင်နေမှာဖြစ်ပြီး
အကောင်းဆုံးဝေဖန်သူ(၃)ဦး၏ ဝေဖန်စာများကို
ထွက်မည့်စာအုပ်တိုင်းမှာ ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။
ဝေဖန်အကြံပြုလိုသူ ပရိသတ်အတွက်
ယခုလ ဝေဖန်ပေးစေလိုသည့် ဝတ္ထုအမည်ကတော့ ...

## "သေမင်းနိုင်ငံယာရိုထဲကစိုင်ပေလေးနှာဝည်"

အမှတ်-၂၅၊ အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူကာ
ဝေဖန်စာများ ပေးပို့ပေးလိုက်ပါ ...

www.burmeseclassic.com

www.burmeseclassic.com

သင်ရင်ဂျိုးတဲ့ မိုးသူညာ
(ပရလောကကြုံသည်ရောက်ရှာမှုပါဝင်သူ)
ဝိညာဉ်ကူးသည့်ခန္ဓာလွဲရာမှ မတူညီတဲ့
ရင်ခုန်သံနှစ်ခုကို
ဆွဲဆောင်ထားနိုင်သည့်
"ရှမ်းဝစ်ဂယောက်ဖို့ရှာရေး"
ထွက်တော့မည်။

သေခြင်းကျတရားခံနှင့် သူ့ရှေ့နေမလေးတို့
တွေ့ဆုံခဲ့သည့် ပရလောကမှ
ချောက်ချားစရာများကို အသည်းတထိတ်ထိတ်
ဖတ်ရမည့်
သင်ရင်ဂျိုးတဲ့ မိုးသူညာ
၏
ဝိညာဉ်ပြိုင်ရောက် ရှေ့နေမလေးရဲ့အချစ်
မကြာမီထွက်မည်။

## ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အဖွင့် | | ရဲတိုက်နီကြီးက မှော်ဆရာ |
| အခန်း | ၁။ | သေသူအတွက်ကုသိုလ် |
| အခန်း | ၂။ | အုတ်ဂူရှေ့ကစကား |
| အခန်း | ၃။ | ခုတင်ဘေးက အရိပ်မည်းကြီး |
| အခန်း | ၄။ | ဝိညာဉ်နှစ်ခုနှင့်လူ |
| အခန်း | ၅။ | အခန်းထဲကအလောင်း |
| အခန်း | ၆။ | အကြင်နာမဲ့သူ |
| အခန်း | ၇။ | သေသူ၏အထိအတွေ့ |
| အခန်း | ၈။ | အိမ်ကြီးဆီလာမည့် ညှို့သည် |
| အခန်း | ၉။ | ဝိညာဉ်သံစဉ် |
| အခန်း | ၁၀။ | တံခါးခေါက်သံ |


www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၁။ တစ္ဆေရဲ့အသံ

အခန်း ၁၂။ လောဘနိဂုံး

အခန်း ၁၃။ လာနှုတ်ဆက်သူ

အခန်း ၁၄။ ရဲတိုက်နီကြီးသို့

နိဂုံး

အဆုံး

## အမှာ

## ရဲတိုက်နီကြီးက မှော်ဆရာ

ကျယ်ဝန်းလှသည့် မြို့ကျယ်ကြီးရဲ့အလယ်မှာ အနီရောင်ဆေးတို့ဖြင့် လှပသေသပ်စွာသုတ်ထားသည့် တိုက်အိမ်ကြီးကတော့ ဆယ့်ကိုးရာစုလက်ရာဖြစ်သလို ခိုင်ခန့်ခမ်းနားသည့်ပုံသဏ္ဌာန်က အနောက်တိုင်းဆန်လွန်းလှသည်။

ထူးခြားမှုတစ်ခုက ထိုတိုက်ကြီးက မြို့လေး၏အနောက်ဘက်ရှိ ရှမ်းရိုးမတောင်စွန်းပေါ်မှာ မေးတင်၍ဆောက်လို့ထားတာကြောင့် မြို့ကလေးကသိမ်းကြည့်လျှင်အမြင့်ပိုင်းနေရာရှိလို့နေ၏။

လွန်စွာတောက်ပသည့် ဗိသုကာပညာရှင်တစ်ယောက်ရဲ့ စိတ်ကူးတာ အလွန်တရာမှဆန်းကျယ်လွန်းလှသည်ဟုဆိုမည်ဖြစ်သည်။

အဆောင်ပေါင်းမြောက်မြားစွာ အခန်းပေါင်းမြောက်မြားစွာရှိသော ထိုတိုက်နီကြီးကို ဒီအရပ်ဒေသကလူတွေခေါ်ကြသည်။

ရဲတိုက်နီကြီးတဲ့ ...

မီးခိုးရောင်မှိုင်းညို့နေသော နောက်ခံတောင်တန်းကြီးများက[illegible]

ခုရင့်အောင်စာပေ

www.burmeseclassic.com



ရှိနေသည့် ရဲတိုက်နီကြီး၏အလှကိုပေါ်၍ပေါ်လွင်နေသလို နွေအခါပြာလဲ့နေတဲ့ ကောင်းကင်ပြာနောက်ခံက ရဲတိုက်နီကြီးကိုခန့်ထည်စေသည်။

အဝင်ကျောက်လမ်းမကလည်း အမြင့်ပိုင်းရှိရဲတိုက်နီကြီးကိုကွေ့ပတ်တက်သွားသလို ဘေးဝဲယာမှာတောင်ပေါ်ဒေသပေါက်သော ပန်းပင်တို့ဖြင့် ဝေဆာလို့နေတော့သည်။

လွန်စွာစိတ်ချမ်းသာစရာကောင်းလောက်အောင် ထည်ဝါလှသည့် ရဲတိုက်ကြီးကို ဒီမြို့လေးကလူတွေကတော့ ပိုင်ဆိုင်ချင်သည်ဟု ဘယ်သူမှမပြောကြ ...

ရဲတိုက်နီကြီးနှင့်ပတ်သက်လာလျှင် ဝေးဝေးကသာရှောင်ကြခြင်းဖြစ်သည်။

ဘာကြောင့်လဲဆိုတော့ ...

သရဲတစ္ဆေ နာနာဘာဝများ အလွန်ပေါလှသည့်နေရာတစ်ခုဟု အားလုံးကယူဆထားခြင်းလည်းဖြစ်သည်။

ရဲတိုက်နီကြီးမှာလည်း ကြောက်မက်ဖွယ်ရာ ရာဇဝင်နောက်ကြောင်းများ ရှိခဲ့၏။

ထိုအရာများမှာ ...

ယခင်နေထိုင်ခဲ့သော ရှမ်းစော်ဘွားများအစဉ်အဆက်မှာ ရဲတိုက်နီကြီးတွင် လွန်စွာထိတ်လန့်စရာကောင်းလှသည့် အဖြစ်အပျက်တို့ကို ကြုံတွေ့ရင်း သေဆုံးခဲ့ကြသည်။

ပတ်ဝန်းကျင်နှင့်လည်း အဆက်အဆံမလုပ်သရို့ တသီးတခြား နေထိုင်သည့် ရဲတိုက်နီကြီးကို ဒီမြို့ကလူတွေ လုံးဝပတ်သက်ခြင်းမရှိပါပေ။

ရဲတိုက်နီကြီးထဲက အဘိုးဦးစိုင်းဖော်တစ်ယောက်သာ မြို့ထဲသို့ ဈေးထွက် ဝယ်လေ့ရှိသလို ကျန်လူများကတော့ အပြင်သို့ဇထွက်သလောက်ပင်





ဖြစ်သည်။

ထိုရဲတိုက်နီအိမ်ကြီးထဲမှာ ထမင်းချက်ဒေါ်နန်းယမုံနှင့် အိမ်အကူမလေး နော်ဆဲ ခြံအလုပ်သမားဖိုးထိန်နှင့် ငမဲတို့ရှိကြ၏။

ယခုရဲတိုက်နီအိမ်ကြီးရဲ့ အရှင်သခင်များက ရဲတိုက်နီကြီးတွင် မရှိကြဘဲ အဝေးတစ်နေရာသို့ရောက်လို့နေ၏။

သို့သော် ...

လွန်ခဲ့သည့်လအနည်းငယ်က ရဲတိုက်နီကြီးသို့ပြန်လာသည့် ရဲတိုက်နီ အရှင်သခင်၏သားသောမဆိုသူပင်ဖြစ်သည်။

အသက်အားဖြင့်နှစ်ဆယ့်ငါးဝန်းကျင် ကိုယ်လုံးကိုယ်ထည်တောင့်တောင့် အသားကဖြူဖြူ မျက်ခုံးက ထူးခြားစွာပင် မဲနက်လို့နေ၏။

မျက်ခုံးအောက်က အရောင်တောက်ပနေသည့်မျက်ဝန်းတို့မှာ အကြည့်ခံရသူ၏စိတ်ကို ယိုင်နဲ့လို့သွားစေသည်။

စကားလဲအလွန်တရာနည်းတာကြောင့် ရဲတိုက်နီကြီးကလူတွေတောင် မလိုအပ်ဘဲ သူ့ကိုစကားမပြောကြ ...

အစဉ်သဖြင့်သူလုပ်နေသည့်အလုပ်က ကြီးမားသောစာအုပ်ထူကြီးကို နေရောညပါဖတ်နေသလို သူ့အခန်းထဲမှာရှိသည့် ဖန်လုံးကိုစိုက်ကြည့်နေလေ့ရှိ၏။

ထိုအလုပ်နှစ်မျိုးစလုံးကို လုပ်တာမှလွဲ၍ကျန်အလုပ်များကို မလုပ်တာကြောင့် ရဲတိုက်နီကြီးထဲကလူများပင်သူ့ကိုနားလည်ရခက်နေ၏။

ဦးစစ်နိုင်ဖော် ဒေါ်နန်းမွန်တို့၏သား သောမဟာ မန္တလေးတက္ကသိုလ်က ဒဿနိကဗေဒဖြင့် မဟာဘွဲ့ရခဲ့သလို သူဝါသနာပါသည့်အလုပ်ကိုဒေး တောင်ထဲရှိဆရာများရှိရာကိုပင် သက်စွန့်ဆံဖျားသွားကာ လေ့လာခဲ့ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှ မှာယူဖတ်ရှုသည့် စာအုပ်များမှာလည်းမနည်းလှ ... သူ သိလိုသည့် အကြောင်းအချက်ကိစ္စတို့ကို နိုင်ငံတကာမနေ့အသင်းသို့ပင် လှမ်းကာမေးမြန်းလေ့လာခဲ့သည်။

ထိုကြောင့်လည်း ...

ကျောင်းတက်စဉ်က သူတို့ကျောင်းမှ သူငယ်ချင်းများက ထူးခြားစွာ နာမည်ပေးထားသည်။

မှော်ဆရာ ... တဲ့ ... ။

ထိုသို့နာမည်အပေးခံရတာကို သူကျေနပ်သည်။

ဘာလို့လဲ ... ဆိုတော့ ...

သူကိုယ်တိုင်က မှော်ဆရာဖြစ်ချင်နေသည်လေ ...

❖ ⌘ ❖



မာယာတွေနှင့် မိန်းမတစ်ယောက်ရဲ့
အကြင်နာမဲ့ကုသိုလ်ကြောင့် သေဆုံးသူ
အတွက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

## သေသူအတွက်ကုသိုလ်

"မာမီ ဒီနေ့ဘာလို့ဆိုင်အစောကြီးသိမ်းတာလဲ"

စတိုးဆိုင်ရဲ့တံခါးကိုပိတ်နေရာမှ သမီးဖြစ်သူ သုဝတီရဲ့အမေးကြောင့် ဒေါ်မာလာနွယ်ကလှမ်းကြည့်လိုက်ပြီး ...

"ဒီနေ့ သမီး ဒက်ဒီဆုံးတာတစ်နှစ်ပြည့်ပြီလေ ... ဘုရားသွားပြီး ကုသိုလ်ကောင်းမှုလုပ်ရအောင် ဆိုင်စောစောပိတ်တာ"

"ဟင် ... ဒက်ဒီဆုံးတာတစ်နှစ်တောင်ပြည့်ပြီဟုတ်လား မာမီ"

သုဝတီရဲ့အမေးကို ဒေါ်မာလာနွယ်က ခေါင်းပဲညိတ်ပြပြီး တံခါးချပ်တို့ကို အောက်သို့ဆွဲချကာ ပိတ်လိုက်၏။

ဒီ New Light ဖက်ရှင်စတိုးဆိုင်လေးကို သူ့ယောကျ်ားကိုမြတ်သာက သူဖွင့်ချင်လှပါပြီဆို၍ ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

ကိုမြတ်သာက အရောင်းအဝယ်သမား စီးပွားရေးကိုအကွက်ကျကျ လုပ်တတ်သလို သူတို့သားအမိအပေါ်၌လည်း လွန်စွာမှမြတ်နိုးချစ်ခင်၏။





မိသားစုအပေါ်လည်း တာဝန်ကျေသလို သဘောကောင်းလှသူဖြစ်တာကြောင့် မိတ်ဆွေအပေါင်းအသင်းကလည်း ပေါများလှသည်။

"သမီးဒက်ဒီက မာမီတို့ပြုပေးတဲ့ကောင်းမှုကုသိုလ်ကို တမလွန်ကနေ သာဓုခေါ်မှာပါ"

"ဟင့်အင်း ... ဒက်ဒီက သေသွားတာမဟုတ်ဘူးမာမီ၊ ဒက်ဒီကို သေတယ်လို့မပြောပါနဲ့"

"ဟင်"

သမီးသုဝတီကို ဒေါ်မာလာနွယ်က စိုးရိမ်စွာကြည့်လိုက်၏။

"သမီး ... အမှန်ကိုအမှန်တိုင်းလက်ခံရတယ်သမီး။ ဒက်ဒီတကယ် သေခဲ့တာလေ မာမီနဲ့သမီးကိုယ်တိုင်သင်္ဂြိုဟ်ခဲ့တာပဲကွယ်"

" ... "

သုဝတီကဘာမှမပြော ကောင်တာအံဆွဲထဲမှ ပိုက်ဆံများကိုရေတွက်လို့သာနေသည်။

ဒေါ်မာလာနွယ်တို့မိဘများက ငွေကြေးတတ်နိုင်သူများဖြစ်သလို ကိုမြတ်သာရှာဖွေပေးခဲ့သည့် ဥစ္စာပစ္စည်းများကလည်းနည်းတာမဟုတ် ... အလုပ်မလုပ်ဘဲနေကာ ထိုင်စားရင်တောင်ရပေမယ့် ကိုယ်ပိုင်အလုပ်ကလေးတစ်ခုဖြင့် ဘဝရပ်တည်ချင်တာကြောင့် ဖက်ရှင်စတိုးဆိုင်လေးကို ဖွင့်ထားခြင်းလည်းဖြစ်သည်။

သားအမိနှစ်ယောက် ကားဖြင့် မြို့ပြင်ဘုရားသို့သွားကာ အလှူငွေလှူခြင်း ပန်း၊ ရေချမ်း ဆီမီးတို့ကိုကပ်လှူကြ၏။

"မာမီ ... ဒက်ဒီက သမီးတို့ဆီ ဘယ်တော့မှပြန်လာမှာတော့ မဟုတ်တော့ဘူးပေါ့"

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာနွယ်က သက်ပြင်းကိုချလိုက်၏။ ပြီးတော့ သုဝတီကို ကြင်နာစွာကြည့်၍ ...

"သမီး ... ဖြစ်မလာမယ့်အရာတွေကို မမျှော်လင့်ပါနဲ့ကွယ် ... သမီးယင်ပန်းပါတယ် ... လက်ရှိဘဝမှာပဲ အကောင်းဆုံးဖြစ်အောင်နေပါ"

"သမီးက ဒက်ဒီကို သမီးတို့ဆီပြန်လာစေချင်တာ"

"သမီးရယ်"

ဒေါ်မာလာနွယ်ရဲ့အသံက တိမ်ဝင်သွားသည်။ ဒေါ်မာလာနွယ်ရဲ့ အသက်က လေးဆယ်တောင်မပြည့်သေး ကိုယ်လုံးကိုယ်ပေါက်ကလည်း လှပ သလိုအသားအရည်ကလည်း ဝင်းဝါနေတာကြောင့် အခုချိန်ထိလှပနေဆဲ ...

သုဝတီကတော့ ဆယ်တန်းအောင်ပြီးတည်းက ကျောင်းဆက်မတက်တော့ဘဲနေခဲ့သည်။

ဒေါ်မာလာနွယ်နှင့်သုဝတီတို့ကို မသိတဲ့လူများက သားအမိဟုပင် မထင်ဘဲ ညီအစ်မများဟုထင်ရလောက်အောင် ဒေါ်မာလာနွယ်ရဲ့အလှက ပေါ်လွင်လွန်း၏။

"မာမီ ဒက်ဒီအုတ်ဂူကို တစ်ရက်လောက် သွားရအောင်နော်"

"သမီးရယ် ... သမီး ဒက်ဒီအုတ်ဂူဆီသွားတော့လည်း ဘာအကြောင်းထူးမှာလည်း အုတ်ဂူထဲကနေထပြီး စကားပြောလို့မှမရတာ"

"ဟာ ... မာမီကလည်း ဒက်ဒီကိုအလွမ်းပြေပေါ့၊ မာမီမလိုက်ရင်နေ သမီးဘာသာသွားမယ်"

သုဝတီက ဖွတ်တရွတ် သူလုပ်ချင်ရာဆိုလုပ်ရမှ ကျေနပ်သူဖြစ်၏။

ဘုရားရင်ပြင်မှာ ညနေစောင်းဖြစ်တာကြောင့် လူကရှင်းနေသလို ညနေလေနုအေးများတိုက်နေတာကြောင့် အလွန်မှကိုအေးချမ်းလှသည်။

ထိုစဉ် ...





သုဝတီနှင့်မျက်နှာချင်းဆိုင်မှ လူရွယ်တစ်ဦးလျှောက်လို့လာသည်။

မာမီကသိုလူကို မြင်သောအခါ၊ မျက်နှာဝင်းပလို့သွားပေမယ့် သုဝတီရဲ့ မျက်နှာကတော့ ရှုံ့မဲ့လို့သွား၏။

"နွယ် ဘုရားလာတာလား"

"ဟုတ်တယ် ... မောင် ... ကိုမြတ်သာဆုံးတာတစ်နှ[illegible]သည် ကသိုလ်လာလုပ်တာပေါ့"

သုဝတီက မာမီ မောင်ဟုခေါ်လိုက်သည့်ဦးမောင်ဆိုတဲ့လူကို မလိုလားစွာလှမ်းကြည့်လိုက်၏။ ဦးမောင်က ပြုံး၍သုဝတီအား ...

"သမီး သူသုတောင်တော်တော်အရွယ်ရောက်လာပြီပဲ ... လှတာတော့မမနဲ့အပြိုင်ပဲ"

"ရှင်နဲ့မဆိုင်ပါဘူး"

သုဝတီကခပ်မာမာပြောလိုက်ရာ မာမီကဦးမောင်ကိုအားနာစွာဖြင့်–

"အဲဒါပဲကြည့်မောင်ရယ် ... သမီးက ယဉ်ကျေးမှုကိုမပျောက်ဘူး သမီး လူကြီးကို အဲလိုမပြောရဘူးလေ"

"သမီးက စကားမပြောတတ်ဘူး၊ မာမီသာအဲလူကြီးကိုဆက်ပြောလိုက် သမီးကားထဲကစောင့်နေမယ်"

ပြော၍ မာမီနှင့်ဦးမောင်ရှေ့ကနေ သုဝတီထွက်လို့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"နင် အရမ်းရိုင်းတာပဲသုဝတီ ငါ နင့်ကိုအဲဒီလိုသင်ထားလား"

အိမ်ရောက်တော့ မာမီက သူ့ကိုဆူတော့သည်။ သုဝတီကသူ့ရဲ့ ထုံးစံအတိုင်း မတုန်မလှုပ် ...

"မောင်က နင့်ဒက်ဒီမရှိတော့တည်းက ငါတို့ဘာလိုလိုအကုန်ဖြည့်ဆည်းပေးတာလေ ငါတို့မှာအားကိုးစရာဘယ်သူရှိလို့လဲ"

မာမီက သူ့အရှိန်နှင့်သူ့စကားကို အဆက်မပြတ်ဒေါသထွက်ပြောလို့နေ၏။

"ငါက မောင်နဲ့ငယ်ငယ်တည်းက သူငယ်ချင်းတွေတစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ခင်ခဲ့ကြတယ်ဆိုတာ နင်သိရဲ့လား"

"သမီးမှ သိစရာမလိုတာ"

"ဘာ"

မာမီရဲ့အသံကပို၍တောင် ကျယ်သွားသည်။ ဒေါသကြောင့်လည်း မျက်နှာနီမြန်းလို့သွားသည်။

"နင်လည်း နင့် ဒက်ဒီလိုပဲ မောင့်ကိုကြည့်လို့ကိုမရဘူး"





"ဟင်"

ဒက်ဒီဆိုတဲ့စကားပါလာတော့ သုဝတီက မာမီကိုလှမ်းကြည့်လိုက်သည်။ ဒက်ဒီနှင့်မာမီတို့အိမ်ထောင်ရေးက သိပ်အဆင်ပြေလှတာမဟုတ် ဦးမောင်ဆိုတဲ့လူကြောင့် ခဏခဏပြဿနာတက်ခဲ့ကြသည်။

မာမီကလည်း ဦးမောင်နဲ့ပတ်သတ်လာလျှင် ဒက်ဒီအပေါ် တဖက်စောင်းနင်းပြောဆိုတတ်၏။

ဒက်ဒီနှင့်မာမီက လူကြီးချင်းသဘောတူ၍လက်ထပ်ထားသည့် အိမ်ထောင်ရေးဖြစ်ပေမယ့် မာမီကိုဒက်ဒီကလွန်စွာချစ်သည်။

မာမီကတော့ ဒက်ဒီကိုတာဝန်ကျေသာဆက်ဆံတာကြောင့် အိမ်ထောင်ရေးက ထင်သလောက်မသာယာခဲ့ ...

သုဝတီသိသလောက်ကတော့ ဦးမောင်ဆိုတဲ့လူဟာ မာမီတို့ပိုင်သည့်လီမွှော်ခြံမှ လူယုံဦးဘဦးရဲ့သားဖြစ်ပြီး ပညာရေးမှာထူးချွန်သူဖြစ်သလို မာမီနှင့်လည်း ကစားဖော်ကစားဖက်ဖြစ်ခဲ့ကြ၏။

အရွယ်ရောက်တော့ချစ်သူတွေဖြစ်ကြပြီး ဦးမောင်ကရန်ကုန်မှာ ဘွဲ့ဒီဂရီများအထောက်အပံ့နှင့်ဆေးတက္ကသိုလ်သွားတက်ချိန်တွင် မာမီကိုဒက်ဒီနှင့် လက်ထပ်ပေးခဲ့သည်။

မာမီက သူမချစ်မနှစ်သက်ပဲ လက်ထပ်ခဲ့ရသည့်ဒက်ဒီကိုလုံးဝကြင်နာခဲ့ပါ။

ဒက်ဒီကလည်း မာမီရဲ့နွေးထွေးမှုကို မရပေမယ့် သုဝတီကိုမိခင်ရဲ့ဘဝရောက်မည်ဆိုး၍ ကြိတ်ကာသည်းခံခဲ့သည်။

"ငါပြောမယ် သုဝတီ ... နင် မောင့်ကိုကောင်းကောင်းမွန်မွန်ဆက်ဆံပါ၊ မဆက်ဆံရင်ငါ့ကိုအမေဆိုတာ အသိအမှတ်မပြုလို့ပဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့အကြောင်းသိပါတယ်၊ ငါကငါဖြစ်ချင်တာကိုဖြစ်ရမှ ဖြစ်မလာနိုင် ငါဘာယ်လိုလုပ်တတ်တယ်ဆိုတာ နင်သိပါတယ်"

"ဟင်"

သုဝတီကြောက်လန့်စွာ မာမီကိုကြည့်လိုက်သည်။ ခက်ထန်နေသော မျက်နှာက ချောမောလှပသည့် ရုပ်ရည်နှင့်မလိုက်အောင်တင်းမာလို့နေသည်။

မာမီရဲ့ပါးလျှာနေတဲ့ နှုတ်ခမ်းတွေကဖြစ်ချင်တာကို ပြတ်ပြတ်သားသား လုပ်တတ်တယ်ဆိုတာကို ရည်ညွှန်းလို့နေမှန်းသူသိသည်။

တောက်ပသောမျက်လုံး လေးထောင့်ကျကျမျက်နှာကို ပိုင်ဆိုင်သော မာမီကို မြင်ကြသူအားလုံးက အပျိုရှုံးအောင်လှသည်တဲ့ ...

သုဝတီကတော့မထင်ပါ ...

မာမီဟာ သူ့အပေါ်အလွန်ရက်စက်ခဲ့တာပါ ...

အရာရာကို အထိတ်တလန့်ဖြစ်အောင်ကို ရက်စက်လွန်းခဲ့တာပါ–

သူ့အားကိုးရာ ဒက်ဒီမရှိတော့ သူ့ဘဝက မာမီရဲ့ပြင်းထန်သည့် ဩဇာတွေကြားမှာ ကြောက်လန့်ခဲ့ရတာလေ ... ပိုဆိုးတာက ... ဦးမောင်ဆိုတဲ့ လူနဲ့ပတ်သတ်လာလျှင် ...

ဆိုတဲ့ အတွေးနဲ့ ခေါင်းကိုခါရမ်းပစ်လိုက်သည်။

❖ ⌘ ❖



သေဆုံးသူဖခင်နှင့် စကားပြောခွင့်ရအောင်
လုပ်ပေးနိုင်သည့်သူက
ဘယ်သူလဲ ဆိုတာ ......

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### [illegible]

"ဒက်ဒီ ... သမီးကိုလူတွေကပြောကြတယ်၊ ဒက်ဒီသေသွားပြီတဲ့၊ သမီးကတော့မယုံဘူးဒက်ဒီ၊ သမီးနားမှာ ဒက်ဒီအမြဲရှိနေတယ်လို့ ထင်ပါတယ်"

တိတ်ဆိတ်နေသော တောင်ပေါ်ကုန်းသချိုင်းကထင်ရှူးပင်နှစ်ပင်ကြားမှာရှိသည့် ဦးမြတ်သာရဲ့အုတ်ဂူရှေ့မှာ ဒူးထောက်ထိုင်ကာ သုဝတီမျက်ရည်လေးတွေရင်းပြောသည်။

ကြီးမားခန့်ထည်လှသည့် အုတ်ဂူကြီးမှာ တောင်ပေါ်ကုန်းသချိုင်းတွင် ခန့်ထည်စွာရှိ၏။

သာမန်ချမ်းသာရုံမျှဖြင့် ထိုအုတ်ဂူမျိုးလုပ်နိုင်ကြမှာမဟုတ်။ သုဝတီတို့၏အလွန်တရာကြွယ်ဝချမ်းသာမှုများကြောင့် အခုလိုခန့်ထည်နေခြင်းလည်း ဖြစ်သည်။

"မာမီကတော့ ဦးမောင်ဆိုတဲ့လူကြီးကို အရမ်းအရေးပေးတာပဲဒက်ဒီရယ်၊ သမီးအဲဒီလူကြီးကိုတအားမုန်းတာ၊ ဒက်ဒီသိပါတယ် မာမီကသမီးကိုလည်း





အရမ်းနှိမ်တာပဲ ဒက်ဒီရယ်"

သုဝတီရဲ့စကားသံတွေက ပြောရင်းဆို့နင့်လို့လာသည်။ ပါးပေါ်သို့ မျက်ရည်ပူများကလည်း စီးကျလို့လာ၏။

"ဟူး ... "

တောင်ပေါ်ဒေသ၏အေးမြသည့်လေအေးတို့ ဝေ့အတိုက်မှာ သုဝတီရဲ့ ဆံနွယ်တို့က ဝဲ၍ထွက်လို့သွားသည်။

ဒူးထောက်၍ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ပြီး ...

"ပြန်လာလို့ရင် ပြန်လာပါဒက်ဒီရယ်၊ သမီး ဒက်ဒီကိုအမြဲမျှော်နေတာပါ ... "

ပြော၍ အုတ်ဂူကိုကျောခိုင်းကာ ခြေတစ်လှမ်းချင်းလှမ်း၍ ထွက်လာခဲ့သည်။

သုဝတီရဲ့မျက်လုံးထဲမှာ သူ့ဒက်ဒီရဲ့ပုံရိပ်တွေက စိုးမိုးလို့နေသည်။ အပေါ်ဝတ်ကုတ်အင်္ကျီရှည်ထဲ လက်ထည့်ကာတစ်လှမ်းချင်းလှမ်းလာတဲ့ သူ့ခြေလှမ်းတွေက လေးလံလို့နေသည်။

သူ့ဘဝမှာနွေးထွေးမှုအရှိဆုံး ကြင်နာမှုအပေးနိုင်ဆုံး ဒက်ဒီတစ်ယောက်မရှိတော့ခြင်းဟာ အလင်းမဲ့တဲ့နေ့တွေကို လျှောက်ရသလိုပဲဟုထင်မိ၏။

သချိုင်း၏ အဝင်ကွန်ကရစ်လမ်းပေါ်ရောက်တော့ အမှတ်မထင်လမ်းဘေးနားတွင်ရှိသည့် အုတ်ဂူပေါ်သို့အကြည့်ရောက်သွားသည်။

"ဟင်"

အုတ်ဂူပေါ်ဖင်ထိုင်လျက် ခြေထောက်နှစ်ချောင်းချကာ ထိုင်နေသည့် လူတစ်ယောက်က သူ့ကိုစိုက်ကြည့်နေ၏။

အမှတ်မထင် မျက်လုံးချင်းဆုံတဲ့ တခဏအတွင်းမှာပင် သူ့ရဲ့ခြေလှမ်းတွေရပ်တန့်လို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စူးရှတောက်ပသည့် မျက်ဝန်းတို့ကသူ့ကို ဆွဲယူညှို့ယူလိုက်သလို ခံစားရသလို ရင်ထဲ၌ယည်းလှပ်ခနဲတုန်လှုပ်လို့သွားၿ၏။ သူ့အကြည့်တွေကိုလည်း လွှဲလိုက်စဉ် အုတ်ဂူပေါ်ထိုင်နေသည့် လူကသူ့အနားသို့လျှောက်လို့လာ၏။

အနီရောင်ရှပ်အင်္ကျီအကွက်လက်ရှည်ကို ဂျင်းဘောင်းဘီနှင့် တွဲဝတ်ကာ ကိုယ်လုံးကိုယ်ထည်တောင့်တောင့် အရပ်မြင့်မြင့်နှင့် လိုက်ဖက်လှန်းလှသည်။

သုဝတီနားရောက်တော့ ...

"မင်းနာမည် ဘယ်သူလဲ"

"ရှင် ... "

မျက်နှာပေါ်ဝဲကျနေသည့် ဆံပင်တို့ကို ခေါင်းကိုရမ်း၍အပေါ်သို့တင်ရင်း သုဝတီကမဝံ့မရဲပြန်ကြည့်လိုက်သည်။

"ကိုယ်မေးနေတယ်လေ ... မင်းနာမည် ဘယ်သူလဲလို့"

"ဟို ... ဟို ... "

ရုတ်တရက်မို့ သုဝတီဘာပြောရမှန်းမသိ သူ့ကိုအကြည့်စူးစူးနှင့်စိုက်ကြည့်နေသည့် သူ့ကြောင့် ခေါင်းကိုပြန်ငုံ့လိုက်သည်။

"ကိုယ် ... မင်းသင်္ချိုင်းထဲဝင်လာတည်းက ကြည့်နေတာ ဟိုအုတ်ဂူရှေ့မှာ ဘာတွေပြောနေတာလဲ"

"ဟင့်အင်း"

သုဝတီခေါင်းလေးကိုခါလိုက်သည်။

"မင်းမညာနဲ့ မင်းပြောနေပါတယ်"

"ဒက် ... ဒက်ဒီ ကိုပြောနေတာ ... "

ပါးစပ်အစီအစဉ်မကျသည့် စကားလုံးတို့ဖြင့် သုဝတီ ဖြေလိုက်သည်။





"ဟို အုတ်ဂူကမင်းဒက်ဒီအုတ်ဂူလား"

"အင်း"

"မင်းက မင်းဒက်ဒီကိုတော်တော်ချစ်ပုံရတယ် ... သေတဲ့လူစိတ်ဆင်းရဲအောင်မလုပ်ပါနဲ့ကွာ ... "

"ရှင် ... "

သုဝတီကမျက်လုံးလေးဝိုင်းကာ လှန်ကြည့်လိုက်သည်။

"ကိုယ်တကယ်ပြောတာ မင်းကသူ့ကိုသံယောဇဉ်တွယ်လေ သူ့ဘဝမိုဆိုးလေပဲ တမလွန်ခရီးကိုမသွားနိုင်ဘဲ မင်းဘေးနားမှာဝေ့ဝဲနေမှာ"

"ဟင်"

သုဝတီက မလုံမလဲနှင့် သူ့ဘေးဘယ်ညာကို ဝေ့ကြည့်လိုက်၏။ ထိုလူက ပြုံးလျက် ...

"သဘောပြောတာပါ ... ကဲ မင်းကိုကိုယ်တစ်ခုမေးမယ် အမှန်အတိုင်းဖြေမလား"

"မေးပါ"

"မင်း ဒက်ဒီနဲ့မင်း တကယ်ပဲစကားပြောချင်လား"

"ရှင်"

သုဝတီ ဘယ်လိုမှ ထင်မထားသည့်မေးခွန်းကြောင့် အံ့အားသင့်သွားသည်။

သူ့ကို နောက်နေတာလားဟုလည်း သံသယ ဖြစ်မိတာလည်းမှန်၏။

"မင်းစကားပြောချင်တယ်ဆို ကိုယ်ကူညီလို့ရပါတယ်"

"ဟင့်အင်း ... ရှင်ပြောတာမဖြစ်နိုင်ပါဘူး"

သူ့ခေါင်းလေးကိုရမ်းကာပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာယုံပါ မင်းရင်ထဲမှာသိပ်တင်းကျပ်နေပုံရတယ်၊ ပြောမယ့်စကားတွေမျိုသိပ်ထားပုံပဲ"

"ဟုတ်ပါတယ် သုရင်ထဲအရမ်းကိုတင်းကျပ်နေတာပါ၊ သု ဒက်ဒီကိုစကားတွေအများကြီးပြောချင်တယ် ...

ဒက်ဒီပြောတာတွေကိုလည်း နားထောင်ချင်တယ်၊ ဒက်ဒီရဲ့အကြင်နာတွေ မေတ္တာတွေနဲ့ သုရှင်သန်ခဲ့တာပါ"

သုဝတီကရင်ထဲမှာရှိသည့် စကားလုံးကိုစုပြုံကာ ထွက်လာတော့သည်။

"ဒီကြေ မင်းပြောချင်တာတွေဖြစ်ချင်တာတွေဖြစ်ရစေမယ် ... တစ်ခုတော့ရှိတယ် ကိုယ်နေတဲ့ဆီမင်းလာနိုင်မလား ... မင်းအတွက် ဘာအန္တရာယ်မှမရှိဘူးနော်"

"သု ... စဉ်းစားပါရစေ"

"စဉ်းစားဦးမယ်ဟုတ်လား ... သေသွားတဲ့မင်းဒက်ဒီနဲ့မင်း စကားပြောဖို့လုပ်ပေးနိုင်တာ ကိုယ်တစ်ယောက်ထဲရှိတယ်၊ ဒါကလည်း မင်းဆန္ဒကိုကူညီမှာနော်"

သုဝတီခပ်တင်းတင်း ထိုလူ့ကိုပြန်ကြည့်လိုက်သည်။

"ဘာလဲ ... ကိုယ်ပြောတဲ့စကားလုံးတွေကြီးနေလို့လား"

" ... "

ဘာစကားမှအဖြေပြန်မပေးမိ။ ထိုလူ့ရဲ့ပုံစံက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလွန်းနေသည်။

"မင်းမဖြေချင်လည်းနေ ကိုယ်သွားမယ်"

သုဝတီကိုကျောခိုင်းကာ လှည့်ထွက်သွားတော့ သုဝတီကနေရာ၌ရပ်ကာကျန်နေပြီးမှနောက်ကလိုက်၍ ...





"ဟေ့လူ ... ခဏနေဦး"

နောက်ကလိုက်ခေါ်ရာ ထိုလူကလှည့်ကြည့်ပြီး ...

"ဘာပြောမလို့လဲ"

ပြန်မေးရာ သုဝတီကခေါင်းကိုငုံ့လိုက်ကာ ...

"သု ... ဒက်ဒီနဲ့စကားပြောဖို့ ဘယ်ကိုလာခဲ့ရမလဲ"

"အဲ့ဒီလိုလုပ်စမ်းပါကွာ ... ကိုယ်ပြောမယ်လိပ်စာကတော့ ရှည်ရှည်ဝေးဝေးမှတ်ထားစရာမလိုပါဘူး၊ ရဲတိုက်နီကြီးဆိုမင်းသိမှာပါ"

"ရှင်"

သုဝတီရဲ့ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူဘယ်လိုမှထင်မထားသောနေရာမှာ ဒက်ဒီကိုတွေ့ရမည်တဲ့လေ။

"ဘယ်လိုလဲ မင်းလာနိုင်မလား"

"ရှင် ... ရှင် ... က"

ထိုလူကသုဝတီကိုကြည့်နေရာမှ အကြည့်လွှဲ၍မျက်နှာပေါ်၌ တောက်ပသည့်အပြုံးဖြင့် ...

"ကိုယ့်နာမည်ကို အရင်မပြောဘူး။ မင်းနာမည်အရင်ဖြေလေ"

"သု ... သုနာမည်က သုဝတီပါ"

"ဟုတ်ပြီလေ မင်းကမင်းနာမည်ပြောပြီးပြီဆိုတော့၊ ကိုယ်ကကိုယ့်နာမည်ပြောမယ်"

ထိုလူ့ကစကားကိုပြောရင်း ရပ်လိုက်ရာသုဝတီပို၍ စိတ်ဝင်စားစွာဖြင့်နားစွင့်လိုက်သည်။ ထိုလူကသုဝတီကိုပြန်၍ စိုက်ကြည့်ပြီး ...

"ကိုယ့်နာမည် ... သောမ ... ရဲတိုက်နီကြီးက မှော်ဆရာသောမ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အံ့သြခြင်းထိတ်လန့်ခြင်း မယုံနိုင်ခြင်းတွေနှင့် သုဝတီကကြည့်နေစဉ်မှာပင် သောမကပေါ့ပါးသွက်လက်သော ခြေလှမ်းဖြင့်သချိုင်းထဲမှထွက်သွားတော့သည်။

❖ ⌘ ❖



## ခုတင်ဘေးမှာရပ်၍လာကြည့်သည့်
## ဘာရိပ်မည်းကြီးကြောင့်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

## ချစ်ခြင်းအေးက အရိပ်မညိုးကြီး

"သုသု ... နင်ပြောတာဟုတ်ရဲ့လားဟယ် ... နားထောင်ရင်းကြွက်သီးနှံထလိုက်တာ"

မျိုးမျိုးရဲ့စကားသံတွေက တုန်ခါလို့နေသည်။ သုဝတီကတော့ ပုလင်းထဲက အအေးတို့ကိုပိုက်ဖြင့်စုပ်ကာ သောက်လိုက်ပြီး ...

"ဒါတစ်ကယ်ပြောတာ ငါကိုယ်ငါတောင်မယုံဘူး ... အိပ်မက်,မက်နေတာလားလို့ ကိုယ့်ကိုယ်ကိုယ်ထင်နေတာ"

"ရဲတိုက်နီကြီးကာသရဲအရမ်းခြောက်တာဆို နင်နဲ့တွေ့တဲ့ လူကလည်း သူ့ကိုယ်သူမော်ဆရာတဲ့ ဘာတွေလဲဟာ ... "

မျိုးမျိုးရဲ့ကြောက်လန့်နေတဲ့ ပုံစံကိုကြည့်၍သုဝတီကပြုံးလိုက်သည်။

"ငါကတော့ဟာ ဒက်ဒီနဲ့စကားပြောရမယ်ဆိုရင်သွားချင်တယ်"

"ဟာ ... မသွားပါနဲ့သုသုရယ်၊ ရဲတိုက်နီအကြောင်းနင်သိရဲ့သားနဲ့ဟာ ... "





မျိုးမျိုးကအကြောက်အကန်ကိုတားသည်။

"နင်စဉ်းစားကြည့်စမ်းမျိုးမျိုး၊ ငါ့ဘဝမှာ ငါ့မာမီက ငါလို့အပ်တဲ့မေတ္တာတွေပေးခဲ့လို့လား၊ ငါရခဲ့တာအားလုံးဟာ ဒက်ဒီဆီကပဲ ဒက်ဒီကလည်း အဆင်မပြေတဲ့အိမ်ထောင်ရေးမှာ ငါ့အပေါ်ထားတဲ့မေတ္တာတရားနဲ့ ရှင်သန်ခဲ့တာလေ ...

အခုဒက်ဒီမရှိတော့ဘူး၊ ငါ့ဘဝဟာလည်း ဘာအဓိပ္ပါယ်ရှိလဲ ပြောပါဦးမျိုးမျိုးရဲ့"

သုဝတီရဲ့စကားကြောင့်မျိုးမျိုးက ဘာပြန်ဖြေရမှန်းမသိဖြစ်လို့သွားသည်။

မျိုးမျိုးနှင့်သူက ငယ်ငယ်ထဲကသူငယ်ချင်း တစ်ယောက်အကြောင်း တစ်ယောက်အသိဆုံး သူ့အပေါ်မှာလည်းမျိုးမျိုးက အလွန်တရာမှနားလည်ပေးခဲ့သည်လေ။

"နင်ဆန္ဒကိုတော့ ငါမတားချင်ပါဘူးသုသုရယ်၊ ဒါပေမဲ့ ... သဘာဝထက်ပိုတဲ့ကိစ္စတွေကိုတော့ နင်မယုံကြည်သင့်ဘူး"

"ငါကယုံနေတာမဟုတ်မျိုးမျိုး ဖြစ်နိုင်ခြေရှိမရှိလည်းတွက်နေတာမဟုတ်ဘူး၊ မော်ဆရာပြောသွားသလို ငါ့ဒက်ဒီနဲ့အမှန်တကယ်စကားပြောခွင့်ရမယ်ဆိုရင် သွားမှာပဲ"

သုဝတီ ခေါင်းမာသူပီပီပြောလိုက်သည်။

"ငါမေးဦးမယ် သုသု ... မော်ဆရာဆိုတာ ရုပ်ဆိုးဆိုး စကားပြောရင်လည်းကြောက်စရာကောင်းတဲ့လူကြီးလားဟင်"

မျိုးမျိုးရဲ့အမေးကြောင့် သုဝတီရယ်မောလိုက်ပြီ ...

"ဘယ်ကလာဟာ နိုင်ငံခြားမင်းသားနဲ့တူတယ်၊ ငါလည်းအထင်တကြီး မော်ဆရာဆိုတာ ရုပ်ဆိုးဆိုးနဲ့နေမှာလို့ ထင်တာနဲ့တခြားစီပဲ၊ နင်မယုံရင်ငါသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့ကျရင်လိုက်ခဲ့လေ''

''ဟာ … မလိုက်ပါဘူး ငါကြောက်တယ်''

''ဘာကိုကြောက်တာလဲ''

''မော်ဆရာ … ပြီးတော့ ရဲတိုက်နီကြီး''

သုဝတီကတော့မကြောက်ပါ သူ့ဒက်ဒီနှင့်စကားတွေတဝကြီးပြောဖြစ်သည်။

ပြီးတော့ …

မော်ဆရာဆိုသည့် လူနှင့် နောက်တစ်ခေါက်ထပ်၍ ဆုံချင်သည်လေ–

''သုသု … ဦးမောင်ဆိုတဲ့လူကြီး နင်တို့အိမ်လာသေးလား''

''လာပါ့ … ငါအကြောင်ကိုမတည့်ဘူး''

''အေးဟာ … သူ့မှာလည်းမိန်းမရှိနေတာပဲ နင့်မာမီကလည်း သူ့ကိုအရေးပေးလွန်းတယ်''

မျိုးမျိုးကသူ့အမြင်ကို ပွင့်လင်းစွာပြောလိုက်သည်။

''အခုဆို ပိုးဆိုတာပေါ့ မျိုးမျိုးရယ် … ဒက်ဒီရှိတုန်းကတောင် ဒက်ဒီကမကြိုက်ရင်ပြောလို့မှမရတာ''

''နင့် မာမီ … အချစ်ကြီးတယ်လို့ပြောရမလား''

''အင်း … မိဘကိုတော့မဝေဖန်ကောင်းပါဘူး။ ငါ့အမြင်မှာတော့ မာမီက အတ္တကြီးတယ်လို့ထင်တာပဲ နင်စဉ်းစားကြည့်လေ ဒက်ဒီကို မိဘပေးစားလို့ ယူတယ်ပဲထား မိန်းမတစ်ယောက်အနေနဲ့ ကိုယ့်ဆန္ဒကိုမျိုသိပ်သင့်တယ်၊ မာမီကအဲလိုမဟုတ်ဘူး သူဖြစ်ချင်တာကိုပဲရှေ့တန်းတင်တာ''

''အေးလေ … လူတိုင်းဟာစိတ်တစ်မျိုးစီမလား ဒေါက်တာဦးမောင်မောင်ရဲ့မိန်းမက ဝေဒနာသည်ဆို''





သုဝတီက မျိုးမျိုးရဲ့အမေးကိုခေါင်းညိတ်ကာဖြေလိုက်သည်။

ပြီးမှ–

''အသည်းကင်ဆာလို့ပြောတာကြားတယ်၊ သူလည်းသေမယ့်ရက်ကိုစောင့်နေရတယ်ထင်တယ်''

''ဒေါက်တာ ဦးမောင်မောင်က သူ့မိန်းမသေရင် နင့်မာမီနဲ့လက်ထပ်မလားမသိဘူးနော်''

မျိုးမျိုးရဲ့စကားကြောင့် သုဝတီရဲ့နှုတ်ခမ်းနှစ်ဖက် တင်းခနဲစေ့လို့သွားသည်။

''မာမီက ဘာပဲလုပ်လုပ်အရမ်းအကွက်စေ့တယ် မျိုးမျိုး … ဒက်ဒီရဲ့မိဘတွေ ငါ့အဘိုးအဘွားတွေက ကျိုင်းတုံမှာနေတယ်၊ ငါအသက်နှစ်ဆယ့်တစ်နှစ်ပြည့်ရင် ငါ့ကိုအမွေအကုန်လွှဲပေးဖို့ သူတို့မသေခင် ရှေ့နေကြီးကိုအပ်ခဲ့တယ် …

ရမယ့် အမွေကလည်း မနည်းဘူးလို့ မာမီကတစ်ခါပြောတယ်၊ မာမီအခုနေလက်ထပ်ရင် ရှေ့နေကြီးက ငါ့အိမ်ထောင်ကျမှလွှဲပေးမယ်လို့ ဟိုတစ်ခါလာတုန်းကပြောသွားတယ်''

သုဝတီက စကားကိုခဏရပ်၍ လက်ကျန်အအေးကို ကုန်အောင်သောက်လိုက်သည်။

မျိုးမျိုးက …

''နင့်မာမီကလည်းဟာ ဒီလောက်ချမ်းသာတာတောင် မျှော်လင့်နေပုံပဲ''

''ငါ့အထင်တော့ မျှော်လင့်တာထက် သူဖြစ်ချင်တာလုပ်ခွင့်မရှိ[illegible]တာပဲနေလိမ့်မယ်''

''နင့်ဒက်ဒီအတွက် ကောင်းမှုကုသိုလ်တော့လုပ်ပေးသားပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်ပါဟာ ... ဒက်ဒီဆုံးပြီးတည်းက ... တစ်ခါမှဒက်ဒီရှိတဲ့ အခုတ်ဂူကို မာမီမရောက်ပါဘူး"

"အေးလေ ... နင့်မာမီနဲ့နင်တို့ရဲ့ဖာတ်လမ်းတွေက ရယ်မောစရာကြီး ပါဟာ"

မျိုးမျိုးရဲ့ မှတ်ချက်စကားကို သုဝတီကပြုံးကာ ခေါင်းညိတ်ပြလိုက် သည်။

ထို့နောက် ...

လက်ဖက်ရည်ဆိုင်ကောင်တာဆီသို့သွားကာ ပိုက်ဆံရှင်းလိုက်ပြီး နှစ်ယောက်သားဆိုင်ထဲမှထွက်၍ ဆိုင်ကယ်ဖြင့်ပြန်လာကြတော့သည်။

❖ ⌘ ❖



"ဟင်"

ခုတင်ဘေးတွင်လာ၍ရပ်နေသည့် အရိပ်မည်းကြီးကြောင့် ဒေါ်မာလာ နှယ် ဖျတ်ခနဲလန့်နိုးလို့သွားသည်။

အိပ်ရာမှထထိုင်ကာကြည့်လိုက်တော့ ဘာမှမတွေ့ရ ပြာလဲ့လဲ့ညအိပ် မီးလုံးအောက်တွင် လှုပ်ရမ်းနေသည့်လိုက်ကာစများကိုတွေ့ရ၍ ကြက်သီးများ ထလို့သွား၏။

"ရှပ် ... ရှပ် ... "

အလွန်တိုးလျှညင်သာပေမယ့် ခြေသံကိုတော့ဒေါ်မာလာနှယ်ကြား နေရသည်။

ခုတင်ပေါ်မှအောက်သို့ဆင်းကာ ခြေသံထွက်ပေါ်လာရာကို လှည့်ပတ် ၍ကြည့်လိုက်၏။

"ဟား ... ဟား ... ဟား"

"ဟင်"

အလွန်ကျယ်လောင်သော ရယ်မောသံကြီးကကြောက်မက်ဖွယ် ကောင်း လောက်အောင်ထွက်ပေါ်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွယ် ... ကိုယ် ... ပါ"

"ဘာ"

အသားများ တဆတ်ဆတ်တုန်လို့သွားသလို ပါးစပ်ကလည်းဗွက်ခနဲ ထွက်လို့သွားငေါ်။

"ကိုယ် ... မင်း ... ကို ... စိတ် ... မ ... ချ ... လို့"

အသံသာကြားနေရသည် ဘာကိုမှမမြင်ရ။ အသံကလည်း ဘယ်နေရာကထွက်လာမှန်းမသိအောင် အခန်းတစ်လုံးဟိန်းထွက်လို့နေသည်။

"ကိုမြတ်သာ ... ရှင်ဘယ်မှာလဲ"

"မင်းတွေ့ချင်လို့လား"

ကောအသံက ပိုသစ္စာထွက်ပေါ်လို့လာတာကြောင့် ဒေါ်မာလာနွယ်လည်း ကြောက်လွန်း၍ ဖောချွေးများပင်ထွက်လာသည်။

"မဟုတ်ဘူး ... ရှင် ... ရှင်သေသွားပြီ ... ကိုယ့်လမ်းကိုယ်သွား ပါ"

"ဟား ... ဟား ... ဟား"

ကြောက်စရာရယ်မောသံကြီးက ထွက်ပေါ်လို့လာတာကြောင့် ဒေါ်မာ လာနွယ်က နားနှစ်ဖက်ကိုလက်နှင့်ပိတ်၍ ...

"အား ... အား"

စူးရှ၍ ငယ်သံပါအောင်အော်ဟစ်ရင်း ခုတင်ပေါ်သို့ပက်လက်လန်က လဲကျသွားတော့သည်။

❖ ⌘ ❖



စိတ်ကိုလွှမ်းမိုးထားတဲ့ မိဉာဉ်ကြောင့်
ဒီမြို့ကိုရောက်လာသည့်
ညသည်ဟာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### မိဘညာဥ်နှစ်ခုနှင့်လူ

"အင်း ... အင်း ... "

"ဟင် ... မမကြီးသတိရလာပြီ"

အိမ်အကူမလေး အိဇာကဒေါ်မာလာနွယ်နှာခေါင်းဝသို့ ရှူဆေးဘူး တေ့နေရင်းကပြောလိုက်တာကြောင့် သုဝတီက ...

"မာမီ ... ဘာဖြစ်တာလဲ ဟင်"

မေးလိုက်ရာ ဒေါ်မာလာနွယ်က အခန်းပတ်လည်သို့ကြောက်လန့် တကြားကြည့်၍ ...

"ကို ... ကိုမြတ်သာလာသွားတယ်"

"ဟင် ... ဒက်ဒီလာသွားတယ် ဟုတ်လားမာမီ"

သုဝတီကအံ့ဩစွာမေးလိုက်သည်။ အိဇာကသောက်ရေတစ်ခွက်ပြေးခပ် ၍ဒေါ်မာလာနွယ်အား တိုက်လိုက်သည်။

"မမကြီး ... သောက် ... ရေသောက်လိုက်"





"အင်း"

ဒေါ်မာလာနွယ်က ရေသောက်လိုက်မှ ရင်ထဲအနည်းငယ်အေးလို့သွား ကာစိတ်ငြိမ်လို့သွားသည်။

"မာမီ ... မာမီဆီဒက်ဒီလာသွားတယ်ဆို"

"ဟုတ်တယ် ... ငါ့ကိုလာခြောက်တာ ကြောက်စရာကောင်းလိုက် တာ"

ဒေါ်မာလာနွယ်က မျက်စိမျက်နှာပျက်၍ပြောတော့ သုဝတီက ...

"မာမီရယ် ဒက်ဒီကမာမီကိုသိပ်ချစ်တာလေ သတိရလို့လာတာနေမှာ ပေါ့"

"တော်စမ်း သုဝတီ၊ ငါကလူ့သူကတစ္ဆေ သရဲဖြစ်နေပြီ၊ ငါ့ကိုဘာမှ လာပတ်သက်စရာအကြောင်းမရှိဘူး၊ မဖြစ်ပါဘူး သူမလာနိုင်အောင် ငါအတား အဆီးလုပ်ရမယ်"

"မာမီ"

သုဝတီကစကားပြောမည်လုပ်တော့ ဒေါ်မာလာနွယ်က လက်ကာပြ ၍ ...

"ငါသရဲမမွေးဘူး ငါ့အိမ်မှာလည်းမထားနိုင်ဘူး။ နင့်ဒက်ဒီကိုနင်ချစ် ရင် တမလွန်ကိုလိုက်သွား"

"ဟင်း"

မာမီရဲ့အမိန့်ဆန်စကားလုံးတို့ကို မလွန်ဆန်နိုင်၍သုဝတီလည်း မာမီ အခန်းထဲမှထွက်ကာ အိမ်ရှေ့ဧည့်ခန်းတွင်ထိုင်နေလိုက်ကြသည်။

မာမီရဲ့စိတ်ကအလွန်တရာမှ တင်းမာပြတ်သားလွန်းသည်ဟု သုဝတီ ထင်မိသည်။

ဒက်ဒီရဲ့အကြင်နာဂရုစိုက်မှုတွေကိုမာမီကဘာလို့အသိအမှတ်မပြုခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လဲ ... တစ်ဦးထဲသောရှိသည့် သူ့အပေါ်ကိုမာမီ ဘာလို့မကြင်နာခဲ့တာပါလိမ့် ဆိုတဲ့အဖြေကိုသူရှာမရခဲ့ပါ ...

ခန့်ထည်၍ ယောကျ်ားပီသစွာချောမောသည့် ဒက်ဒီဟာမာမီကလွဲ၍ ဘယ်မိန်းကလေးကိုမှစိတ်မဝင်စားခဲ့တာ သုဝတီအသိဆုံးပဲလေ ...

"သမီး ... မာမီ အခန်းထဲမှာလား"

"ရှင်"

အိမ်ထဲသို့အပြေးဝင်လာကာမေးသည့် ဦးမောင်ကြောင့်အတွေးလွန်နေသည့် သုဝတီလန့်လို့သွားသည်။

"သမီး မာမီ မူးလဲလို့ဆိုပြီးအိမ်ကက ဦးဆီကိုဖုန်းဆက်လို့သက်သာရဲ့လား"

အခန်းထဲသို့ တကြည့်ကြည့်လုပ်ကာမေးသည့် ဦးမောင်အားသုဝတီက အမြင်ကကက်ကက်နှင့် ...

"အခန်းထဲမှာ မာမီရှိတယ်သိချင်ရင်သွားမေးလိုက်"

"ဪ ... အေး အလောတကြီးထွက်လာတာ ဆေးအိတ်တောင် ပါမလာဘူး"

ဦးမောင်က ပြောပြောဆိုဆိုနှင့် အခန်းဘက်သို့လျှောက်သွားရာ သုဝတီလည်းမကြည့်ချင်တာနှင့် အိမ်ပေါ်မှဆင်းလာခဲ့တော့သည်။

❖ ⌘ ❖



တစ်ယောက်တည်း ထင်းရှူးရိပ်ကော်ဖီဆိုင်လေးမှာထိုင်ရင်း သုဝတီ တစ်ယောက်တွေးချင်ရာကို တွေးနေမိသည်။ မှာထားသည့်ကော်ဖီခွက်ထဲမှ ကော်ဖီတို့ကို မသောက်ဖြစ်၍ အေးတောင်အေးလို့နေသည်။

ဒီဆိုင်လေးကိုသုဝတီသဘောကျသည် တောင်ကုန်းအမြင့်လေးမှာ ဆောက်ထားသလို သပ်သပ်ရပ်ရပ်ရှိလှသည့် ပုံစံကအနောက်တိုင်းဆန်သည်။

ဆိုင်လေးကလဲမြို့ပြင်မှာရှိတာကြောင့် အေးချမ်းတိတ်ဆိတ်လှတဲ့ သဘာဝ၏အေးမြမှုတွေက စိတ်ပင်ပန်းမှုတွေဘယ်လောက်များနေပါစေ ဒီဆိုင်လေးရောက်လာလျှင် ပျောက်ကွယ်သွားကုန်သည်။

ဆိုင်၏စားပွဲမှာထိုင်၍ အဝေးသို့ကြည့်လိုက်လျှင် မြင့်မားသည့် ရှုမ်းရိုးမ တောင်တန်းကြီးက တိမ်ဖြူတို့နှင့်အတူလွင့်နေသည်ဟုထင်ရသည်။

သိပ်မဝေးတဲ့နေရာမှာတော့ တောင်ယာစိုက်ပင်တွေက သက်ဝင်နေသည့်ပန်းချီကားတစ်ချပ်လိုဖြစ်နေ၏။

သူ့ဒက်ဒီပြောတာတွေကို မရှင်းလိုက်ပြန်မေးလိုက်နှင့် တစ်ယောက်နှင့် တစ်ယောက်နွေးထွေးတဲ့မေတ္တာတွေရှိခဲ့သည်လေ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအဖတွေလာတိုင်း မာမီကိုခေါ်လျှင်ဘယ်တော့မှ မလိုက်ငြင်းဆန်ခဲ့သည့်လေ ...

"ဒီမှာထိုင်လို့ရမလား၊ ခင်ဗျာ"

"ရှင်"

သုဝတီမော့ကြည့်လိုက်တော့ သူ့ထက်အသက်အနည်းငယ်ကြီးပုံရသည့် ယောကျ်ားတစ်ယောက် အသားကဖြူဖြူရုပ်ရည်ကသန့်သန့် သုဝတီလည်း တစ်ခါမှမမြင်ဘူးတဲ့လူတစ်ယောက်ဖြစ်နေ၏။

"ကျွန်တော့်နာမည် မင်းခပါ"

"ဟုတ် ... ဟုတ်ကဲ့ထိုင်ပါ"

စကားပြောတာလဲ ယဉ်ကျေးသလိုပုံစံကလည်း သုဝတီအတွက် အန္တရာယ်ရှိလောက်တာကြောင့် ထိုင်ခွင့်ပေးလိုက်သည်။

"ကျွန်တော်ခင်ဗျားကိုရှာနေတာကြာပါပြီ၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ အခုမှ လာတွေ့တယ်"

"ရှင်"

မင်းခပြောတာကို သုဝတီနားမလည်ပါ။

"ကျွန်တော်ကရန်ကုန်ကပါ၊ တောင်ကြီးမှာကျွန်တော်အမျိုးတွေရှိတယ်လေ၊ ပြီးခဲ့တဲ့နှစ်ကတောင်ကြီးကိုလာရင်း လမ်းမှာ အဆင်းကားတစ်စီးနဲ့တိုက်မိတယ် ...

ကျွန်တော်ကဒဏ်ရာအကြီးအကျယ်ရခဲ့တော့ ဆေးရုံမှာသုံးလလောက်နေခဲ့ရတယ်၊ အဲဒီသုံးလလုံးလုံးလည်း ကျွန်တော်သတိလစ်နေတာ ကျွန်တော်နဲ့အဖော်လိုက်ရတဲ့ကျွန်တော့်ဦးလေးကတော့ ရုပ်ပျက်ဆင်းပျက်နဲ့သေသွားတယ်"

"မင်းခပြောတာသုနဲ့ ဘာဆိုင်လို့လဲဟင်"

မင်းခကသုဝတီမျက်နှာသေချာ အကဲခတ်ကြည့်လိုက်သည်။





ပြီးတော့ ... လေသံအေးအေးနှင့်

"ခင်ဗျား ... နာမည်သုဝတီနော်"

"ရှင် ... သုနာမည်ကိုသိနေတယ် ဟုတ်လား"

သုဝတီကအံ့ဩစွာမေးလိုက်သည်။ မင်းခကပခုံးနှစ်ဖက်ကိုတွန့်၍-

"သုဝတီဆိုတာလဲသိတယ်၊ ပြီးတော့သုဝတီတို့မိသားစုအကြောင်းလည်း သိတယ်"

"ဟင်"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်သုံးလလောက်သတိလစ်နေတဲ့အချိန်မှာ ကျွန်တော်ခင်ဗျားကိုတွေ့ခဲ့တယ်၊ ပြီးတော့ ခင်ဗျားမာမီဒေါ်မာလာနွယ် ကျွန်တော်ရင်းရင်းနှီးနှီးကိုသိခဲ့တာ"

သုဝတီမင်းခကိုကြည့်ပြီးသိပ်မသင်္ကာတော့ ...

"ရှင်ဘာလဲ ရူးနေတာလား"

"ရူးတာလားဘာလားတော့ ကျွန်တော်မသိဘူး၊ ကျွန်တော့်စိတ်ထဲမှာ သုံးလလုံးလုံးခင်ဗျားရဲ့ ပုံရိပ်တွေစွဲနေတယ်၊ ခင်ဗျားမာမီက ခင်ဗျားကို ရက်စက်ခဲ့တယ် ...

အိပ်မက်လိုလိုဖြစ်ပြီး အပြန်ပြန်အလှန်လှန်ကို ကျွန်တော်မြင်နေရတယ်၊ သတိပြန်ရတော့ကျွန်တော်မြင်ခဲ့တာတွေဟာ သတိလစ်နေတုန်းမြင်ချင်ရာမြင်တာလို့ထင်ခဲ့ပေမယ့် ကျွန်တော့်စိတ်ကစွဲနေပြီလေ"

"ရှင် ... စိတ်ရောဂါကုဆရာဝန်နဲ့ ပြမကြည့်ဖူးလား"

သုဝတီမေးတာကို မင်းခကခေါင်းညိတ်ပြလိုက်သည်။

"ပြတာပေါ့ ... မရပါဘူး၊ အဲဒီစိတ်အစွဲအလမ်းကြောင့် ကျွန်တော့်ရဲ့ ချစ်သူနဲ့စေ့စပ်မယ့်၊ ရက်ကိုတောင်ရွှေ့ခဲ့ရတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အမှန်အတိုင်းပြောတာပါ၊ ခင်ဗျားရဲ့ပုံရိပ်တွေ ကျွန်တော့်စိတ်မှာစွဲနေတယ်ဆိုတာ ချစ်သူရည်စားပုံမဟုတ်ဘူး ...

ဘယ်လိုပြောရမလဲဗျာ ... စိတ်မချတဲ့ပုံလို့ပြောရမလား ... ခင်ဗျားအတွက်အရာရာကို စိုးရိမ်နေသလိုပဲ"

မင်းခရဲ့စကားတွေက ရင်ထဲရှိတာကို အမှန်အတိုင်းပြောနေမှန်း သုဝတီခံစားလို့ရသည်။

"ကျွန်တော့်ကိုနားလည်ပေးပါ ... ဆရာဝန်က ကျွန်တော့်စိတ်ထဲစွဲနေတာတွေ ပျောက်ဖို့အတွက် စွဲထင်နေတဲ့ ပတ်ဝန်းကျင်နဲ့လူကိုတွေ့အောင်ရှာတဲ့ မြို့ရှင်သိတွေ့ဆက်ခံပေါ့ အခြေအနေကိုသူ့ကိုပြော သူဆက်ညွှန်ကြားမယ်တဲ့"

"ရှင့်ရောဂါက ထူးဆန်းလှချည်လား"

"အေးဗျာ ... ကျွန်တော့်ကိုယ်ကျွန်တော်လည်း အရမ်းအံ့သြတယ် လူတိုင်းအိပ်မက်မက်ခဲ့ကြတယ်၊ အဲ့ဒီအိပ်မက်ကိုခဏတော့ စွဲလမ်းကြတယ်၊ နောက်တော့ပျောက်သွားတာပဲ၊ ကျွန်တော်ကျတော့ ဘယ်လိုမှကိုဖျောက်လို့မရတာ၊ အခုလည်းကျွန်တော်မြင်ခဲ့တဲ့ မြို့လေးကတစ်ထပ်ထဲတူနေတယ်၊ ပြီးတော့ ဒီဆိုင်လေး ... တိုက်ဆိုင်တာကဒီဆိုင်လေးကိုတွေ့လို့ ကားရပ်ပြီးဆိုင်ထဲဝင်လာတော့ ခင်ဗျားကိုတန်းတွေ့တော့တာပဲ"

မင်းခကစကားကို စိတ်အေးလက်အေးပြော၍ ရေနွေးအိုးထဲကရေနွေးကိုငှဲ့ကာသောက်လိုက်သည်။ သုဝတီလဲဆိုင်ပြင်ဘက်ကြည့်လိုက်တော့ အနီရောင်တိုရှိတာ 4W SULF ကားကြီးကိုတွေ့လိုက်ရသည်။

"ဟုတ်ပြီလေ သုဘာကူညီရမလဲ"

မင်းခရဲ့မျက်လုံးတွေက အနည်းငယ်အရောင်လက်သွားပြီး ...

"ကျွန်တော် ဒီမြို့မှာနေကြည့်မယ် ပြီးတော့ ခင်ဗျားရဲ့မိတ်ဆွေအပေါင်းအသင်းဖြစ်ချင်တယ်"





"ဒါကပြဿနာမရှိပါဘူး၊ ဒါပေမယ့် သုရဲ့ကိုယ်ရေးကိုယ်တာတွေကိုတော့ဝင်မပတ်သက်စေချင်ဘူး"

"ရတယ် ... ကျွန်တော်ခင်ဗျားရဲ့ပုံရိပ်တွေ စွဲလမ်းနေတာဟာ ချစ်သူတစ်ယောက်ကိုစွဲလမ်းတဲ့ပုံမျိုးမဟုတ်ပါဘူး"

မင်းခက ပွင့်လင်းစွာပြောတော့ သုဝတီကနှုတ်ခမ်းကိုတွန့်ကာ လှပစွာ ပြုံးလိုက်ပြီး ...

"ရှင် စိတ်မှာဘယ်လိုခံစားရလို့လဲ ပွင့်ပွင့်လင်းလင်းပြောပါ"

မင်းခကိုမေးလိုက်သည်။ မင်းခက ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ပြီး ...

"ကျွန်တော် ခင်ဗျားပုံရိပ်တွေကိုစွဲလမ်းခံစားနေရတာ ဖခင်တစ်ယောက်ရဲ့ခံစားမှုမျိုးနဲ့ပါ"

"ရှင်"

သုဝတီရဲ့အံ့သြတဲ့စကားမဆုံးခင်မှာဘဲ မင်းခကဆိုင်ထဲမှခြေတစ်လှမ်းချင်း လှမ်းကာထွက်သွားလေတော့သည်။

❖ ⌘ ❖



www.burmeseclassic.com

www.burmeseclassic.com

ဓားပွဲပေါ်က ပန်းကန်လုံးထဲတွင်တွေ့ရသည့်
ပုံရိပ်များကိုကြည့်၍
မှော်ဆရာက ...

အခန်း (၅)

**အခန်းထဲကအကြောင်း**

သုဝဏ်ဏီက မင်းခနှင့်ဆုံခဲ့သည့်အကြောင်းကို မျိုးမျိုးအားပြောပြတော့ မျိုးမျိုးမယုံချင် ...

"နင်ပြောလို့သာ ကြားရတာပါဟာ ဖြစ်နိုင်မယ်မထင်ပါဘူး။ နင့်ကို သက်သက်ဇာတ်လမ်းလာထွင်တာနေမှာပါ"

"မဟုတ်ဘူးထင်တယ် မျိုးမျိုး ... ၊ မင်းခက ရိုးရိုးသားသားပါ ပြီးတော့ သူက ငါ့ကိုဖခင်တစ်ယောက်လိုတဲ့"

သုဝဏ်ဏီကပြောတော့ မျိုးမျိုးကခေါင်းကိုရမ်းပြလိုက်သည်။ သဘောကတော့ အလကားပါဆိုတဲ့အပြုအမူမျိုးဖြစ်လို့နေသည်။

"နင့်ရဲ့အားနည်းချက်က နင့်အဖေကို လိုတာထက်ပိုတဲ့ တမ်းတရှုံး ဖြစ်နေတယ်မလား။ ဒါကိုအတွင်းကျကျသိတဲ့ လူတစ်ယောက်က ဇာတ်လင်း ထွင်တဲ့သဘောပဲနေမှာပါ ...

ခေါင်းထဲကထုတ်ပစ်လိုက်စမ်းပါ"

ဗိုရင့်ခေါင်ဇာဝေ

www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးကတော့အပြတ်ကိုငြင်းလို့နေသည်။ သုဝတီက လက်မလျှော့သေးဘဲ ...

"ထူးဆန်းတာ တစ်ခုနင့်ကိုပြောမယ် မျိုးမျိုး"

"ဘာလဲ"

"မင်းခ စကားပြောတဲ့ပုံသဏ္ဍာန်နဲ့လေသံကို ငါခံစားလို့ရတယ်"

"ဟင် ... ဘယ်လိုခံစားလို့ရတာလဲ"

သုဝတီက မျိုးမျိုးကိုမကြည့်ဘဲ အဝေးတစ်နေရာကိုကြည့်၍ ...

"သူ ... ငါ့အပေါ်စိတ်မနုတဲ့နွေးထွေးမှုတွေပေးနေတယ်ဆိုတာပဲ"

"ဟယ် ... သုသု ... နင်ဘယ်လိုဖြစ်တာလဲ ပြောမယ်ဆိုရင် ဟိုက ဂေါက်နေတာနော် နင်ကလိုက်ခံစားတယ်ဟုတ်လား"

"ဟာ ... မျိုးမျိုးကလည်း နင်ကပြောလေဝေးလေပဲ ... ငါဆိုလိုတာက မေတ္တာတရားကိုပြောတာ လူငယ်သဘာဝ ရင်ခုန်တတ်တာကိုပြောတာ မဟုတ်ဘူး"

မျိုးမျိုးကသူ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိ၍ ...

"အဲလိုဆို တော်သေးတာပေါ့ဟယ် နင်ပြောတဲ့မင်းခက သူ့မှာချစ်သူရှိတယ်ဆို"

"အင်းလေ"

"သူသာ ပုံမှန်ပြန်ဖြစ်သွားရင် နင်ကသူ့စကားတွေထဲမှာ သာယာခဲ့တာတွေအတွက် ခံစားနေရဦးမယ်"

သုဝတီက ပြုံး၍ခေါင်းကိုညိတ်ပြလိုက်သည်။

ပြီးတော့ ...

"ငါ မင်းခရဲ့ရုပ်ရည်ကိုသာယာတာမဟုတ်ဘူး မျိုးမျိုး ... မင်းခရဲ့ နွေးထွေးတဲ့ဂရုစိုက်မှုတွေကိုပဲ"





"ဘယ်လို"

"ဟုတ်တယ် ... မင်းခရဲ့ဂရုစိုက်ရှိမှုတွေဟာ ငါ့ဒက်ဒီနဲ့တစ်ထပ်တည်းပဲ"

"ဟင်"

မျိုးမျိုးကမယုံနိုင်လောက်အောင် မျက်လုံးပြူးကာငယ်လို့သွားသည်။ သူသူငယ်ချင်း သုဝတီလည်းစိတ်မှမှန်ရဲ့လားဟုတွေးမိသည်။

မျိုးမျိုးတစ်ယောက် သူ့ခေါင်းကို လျှင်မြန်စွာအလုပ်ပေးလိုက်သည်။ ခုတ်တရက်အကြံပေါ်လာကာ ...

"ဒီလိုလုပ်ပါလား သုသု"

"ဘာကိုလုပ်ရမှာလဲ"

"နင်ပြောတဲ့ မင်းခဆိုတဲ့လူကိုနင့်မာမီနဲ့ပေးတွေ့လိုက်ပါလား"

"ဟာ ... ဘယ်ဖြစ်မှာလဲ မာမီကဒက်ဒီအပေါ်ဟိုတုန်းထဲက ကြင်ကြင်နာနာမရှိတာ မင်းခကိုလူလိမ်တစ်ယောက်လို့တောင် စွပ်စွဲဦးမယ်"

"အင်း ... နင်ပြောတာလဲ ဟုတ်သားပဲ"

မျိုးမျိုးက သုဝတီစကားကိုလက်ခံလိုက်သည်။ အန်တီဒေါ်မာလာနွယ်ရဲ့ သတင်းက အခုဆို သူတို့မြို့လေးမှာ ပျံ့လို့နေသည်။ ဒေါက်တာဦးမောင်မောင်နှင့် ဒေါ်မာလာနွယ်တို့က နေရာတိုင်းမှာတပူးတွဲတွဲ ...

ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်တော့ ...

"မင်းခနဲ့နင်တွဲနေတာကို နင့်မာမီသိလား"

"သိမယ်ထင်တာလဲ တို့မြို့လေးက ကျဉ်းကျဉ်းလေးပဲ ဘယ်သူ ဘာလုပ်တယ်ဆိုတာ ချက်ချင်းသိနိုင်တယ်ပဲမလား ... ငါနဲ့မင်းခလည်း နှစ်ခါသုံးခါလောက်ပဲဆုံသေးတာလေ"

"မင်းခနေတာက ... "



www.burmeseclassic.com

www.burmeseclassic.com



"တောင်ထပ်နီ မိုတယ်မှာ ... "

"မိုတယ်မှာတောင်တည်းပြီး နင့်ကိုတွေ့ဖို့လုပ်တာ နည်းနည်းနောနော သံယောဇဉ်တော့ မဟုတ်ဘူး"

ခပ်ရွဲ့ရွဲ့ပြောတဲ့ မျိုးမျိုးကို သုဝတီထပ်မရှင်းပြတော့ ... လက်ကျန် ကော်ဖီခွက်ကိုသာ မော့သောက်လိုက်သည်။

"သုသု ... "

"ဟင်"

"နင် ... ရဲတိုက်နီကြီးဆီမရောက်သေးဘူးလား"

သုဝတီက ကော်ဖီခွက်ကိုပြန်ချ၍ ...

"သွားမယ် မျိုးမျိုး ... တစ်နေကုန်အချိန်မရသေးလို့ မာမီ ကုန်ဆင်း ဝယ်တဲ့နေ့ကျရင် သွားမယ်လို့စိတ်ကူးထားတယ်"

"ဟုတ်ပါတယ် ဟိုမှာ အချိန်ဘယ်လောက်ကြာမလဲမှ မသိတာ၊ သတိတော့ထားနော် ... မှော်ဆရာက နင့်လိပ်ပြာကိုချုပ်လိုက်ဦးမယ်"

သုဝတီလည်း မျိုးမျိုးကိုနောက်ချင်တာနှင့် ...

"ငါ့လိပ်ပြာချုပ်လိုက်လေ၊ ဘာဖြစ်လဲ မှော်ဆရာရင်ခွင်မှာနေလိုက်မှာ ပေါ့"

"ဟင် ... ဘယ်လိုပြောလိုက်တယ် သုသု"

"နင်ကြားတဲ့အတိုင်းပဲလေ"

မျိုးမျိုးရဲ့ပြူးပြူးပြဲပြဲဖြစ်သွားတဲ့ပုံကို မသိဟန်ဆောင်၍ သုဝတီက ပြန်ပြောလိုက်၏။

"သုသုရယ် ... နင့်ကံကလည်း အံ့သြစရာကောင်းလိုက်တာ ... မင်းခကလည်း အကြွင်နာတွေပေးမယ်၊ မှော်ဆရာကလည်း စိတ်ညှို့မယ်ဆိုပဲ ဆိုတာတယ်"





"ဘာလဲ နင်မနာလိုဖြစ်နေလို့လား ... ငါ့အတွက်ကိစ္စမရှိဘူးနော်၊ အဲဒီနှစ်ယောက်တည်းက နင်ကြိုက်တဲ့တစ်ယောက်ကိုငါပြောပေးမယ်"

"အမလေး ... မလုပ်ပါနဲ့ နှစ်ယောက်စလုံးက ကြောက်စရာကောင်း တဲ့လူတွေပဲ"

"ခစ် ... ခစ် ... ခစ်"

အထိတ်တလန့်နှင့်ပြောသည့် မျိုးမျိုးကိုကြည့်ကာ သုဝတီကအားပါး တရရယ်မောလိုက်သည်။

❖ ⌘ ❖



www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင်က အခန်းထဲထိုးဖောက်ဝင်လာလို့မရအောင် လိုက်ကာထူထူများကိုမှန်ပြတင်းပေါက်များတွင် ချထားသည်။

အနီရင့်ရောင်မီးရောင်က အခန်းကျယ်တစ်ခုလုံးကိုသွေးများ ဖြန်းပက်ထားသလိုရဲရဲနီနေ၏။

အခန်းလယ်စားပွဲရှည်ကြီးက မဟော်ဂနီရောင် ဆေးသုတ်ထားတာကြောင့်ပြောင်လက်လို့နေသည်။

ထိုစားပွဲပေါ်တွင် ငွေကလပ်ဖြင့် သပ်ရပ်စွာတင်ထားသည့် ဖန်လုံးတစ်လုံးကကြည်လဲ့လို့နေ၏။ တိတ်ဆိတ်နေသော ထိုအခန်းထဲမှာ သောမတစ်ယောက် စားပွဲခုံဘေးမှာရပ်ကာ ဖန်လုံးကိုစိုက်၍ကြည့်နေသည်။

ခန္ဓာကိုယ်ကမလှုပ် ကျောက်ရုပ်တစ်ရုပ်စားပွဲခုံဘေးမှာ မတ်တတ်ရပ်နေသည်ဟုထင်ရလောက်အောင် ငြိမ်သက်လို့နေ၏။

သူ့ရဲ့တောက်ပတဲ့မျက်လုံး ဖန်လုံးပေါ်ကျနေသည့် နီရဲနေသည့် မီးအလင်းရောင်ကြောင့် သူ့မျက်လုံးနှင့်ဖန်လုံးကြားမှာ အနီရောင်အလင်းတန်းတစ်ခုဖြစ်ပေါ်နေသည်ဟုထင်ရသည်။





ဖန်လုံးကိုသောမကြည့်နေရင်း အလင်းရောင်ကြောင့်လား သောမရဲ့အကြည့်တွေကြောင့်လားမသိ ဖန်လုံးထဲတွင်အရိပ်တို့ပေါ်နေသလိုဖြစ်နေ၏။

သောမရဲ့မျက်နှာပေါ်က နှုတ်ခမ်းလေးတွေ တဖြည်းဖြည်း တွန့်လို့သွားတာ အပြုံးရိပ်တစ်ခုမျက်နှာပေါ်တွင်ပေါ်လာသည်။

ပြီးတော့ ...

ဖန်လုံးကိုအားပါးတရဆက်ကာကြည့်လို့နေပြန်သည်။ အချိန်အတော်ကြာအောင်ကြည့်ပြီးတော့ သူ့ရဲ့မျက်ခွံကိုဖြည်းဖြည်းချင်းပိတ်လိုက်၏။

ထို့နောက် ...

စားပွဲခုံရှေ့ကခွာကာ အခန်းထောင့်မှာရှိသည့် ခုတင်နားဆီကို ခြေကိုတယ်လှမ်းချင်းလျှောက်လို့သွားသည်။

ခုတင်ပေါ်မှာတော့ ...

မလှုပ်မယှက်ဖြစ်နေသည့် လူတစ်ယောက် ... ထိုလူ့ပေါ်တွင် အဖြူရောင်ပိတ်တစ်ခုက ခေါင်းကနေခြေအထိဖုံးလို့ထားသည်။ သောမက ခုတင်ဘေးမှာမတ်တတ်ရပ်ကာ ပိတ်ဖြူအုပ်ထားသည့်လူကို ခေါင်းမှစ၍ ခြေဖျားထိကြည့်လိုက်၏။

"ဟင်း"

သောမ သက်ပြင်းကိုလေးတွဲစွာချလိုက်သည်။

"ခင်ဗျားရဲ့ဝိညာဉ်ကို ကျုပ်ရအောင်ခေါ်နေတာပဲ ... ဒါပေမယ့် အချိန်တစ်ခုတော့စောင့်ရမယ်ထင်တယ် ...

အင်းလေ ... ဘယ်တတ်နိုင်မလဲ အကောင်းဆုံးဖြစ်အောင် ကျုပ်ကြိုးစားပါ့မယ်"

ပြောကာ ခုတင်ရှေ့ကခွာ၍ အခန်းထောင့်မှ အပြင်သို့ထွက်လို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ညည်ခန်းရောက်တော့ အိမ်ပေါက်ဝမှဝင်လာသည့် အဘဦးစိုင်းဖော်က ...

"လူလေး ... ဒီနေ့ သချိုင်းသွားဦးမှာလား"

မေးလိုက်ရာက သောမက ...

"နာရေးရှိလို့လား အဘ"

"ရှိတယ်ထင်တာပဲ"

"ရှိရင်သွားလိုက်မယ်လေ ... ကျွန်တော်လုပ်စရာရှိတာ လုပ်ရအောင်"

သောမက ပြန်ပြောလိုက်ရာ အဘဦးစိုင်းဖော်က ...

"သုဘရာဇာကြီးကိုပြောလိုက်ပါကွယ် အဘအားတဲ့ရက်မှ လာမယ်လို့"

"ဟုတ်ကဲ့ အဘ"

သောမလည်းခြံထဲဆင်းလာခဲ့ပြီး အိမ်ရှေ့မြက်ခင်းပြင်မှာရှိတဲ့ ကျောက်စားပွဲ၌ဝင်ထိုင်လိုက်သည်။ သုဘာဝတစ်သက်တာလုံး လူသားတို့၏စိတ်နှင့်သဘာဝကိုလေ့လာခဲ့သည်။

ဝိညာဉ်မဲ့ခန္ဓာကိုယ်တွေအပေါ် လူသားတို့၏စိတ်သက်သာရာရောက်မှုရှိနိုင်မရှိနိုင်ဆိုတာကို လေ့လာခဲ့ရာခရီးတစ်ခုထိတော့ရောက်လာခဲ့သော်ငြားလည်း ပြီးဆုံးတိုင်အောင်ဖြစ်မလာသေး ...

လူသားတို့၏ လိပ်ပြာလွင့်မတတ်ကို ခန္ဓာကူးကာပြောင်းနိုင်မပြောင်းနိုင်ဆိုတာလည်း တိကျစွာအဖြေမထွက်ခဲ့ ...

သို့သော် ...

သူ့အတွက် ထူးခြားတဲ့ပုစ္ဆာတစ်ပုဒ်ကတော့ သိပ်မကြာခင်မှာပဲ အချိန်တစ်ခုရတော့မည် ...





ရလာခဲ့လျှင် ...

သူပြုစုနေသည့် မရဏာကျွမ်းကို နိဂုံးချုပ်နိုင်မှာဖြစ်သည် မဟုတ်လား။

သောမတစ်ယောက်တွေးရင်း ကျေနပ်စွာပြုံးနေလိုက်တော့သည်။

❖ ⌘ ❖



www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာတွေကြားက အားယူ၍
ပြုံးလိုက်ပြီး ရက်စက်တတ်သူအား ...

အခန်း (၆)

## အကြင်နာမဲ့သူ

"ကိုမောင် ... ကျွန်မမောနေလို့တဲ့ပြီးထမင်းစားခန်းထဲပို့ပေးပါ"

အိပ်ရာပေါ်မှ အားယူထကာပြောလိုက်သည့် ဖနီးသည်ဒေါ်သီဂီအား အကျီလဲနေသည့် ဦးမောင်မောင်က ...

"ငါဒီမှာ အကျီလဲနေတာမင်းမမြင်ဘူးလား"

"ကျွန်မအရမ်းမောနေလို့ပါ"

ဒေါ်သီဂီက သူ့ရင်ဘတ်ကိုဖိကာပြောတော့ ဦးမောင်မောင်က စိတ်ပျက်ဟန်နှင့် ...

"မင်းရောဂါကလည်း စိတ်ပျက်ဖို့ကောင်းလိုက်တာကွာ ... အခုထိ အဆုံးမသတ်နိုင်ဘူး"

ပြောလိုက်ရာ ဒေါ်သီဂီမျက်နှာတင်းခနဲဖြစ်လို့သွား၏။ လင်ယောကျ်ား ဖြစ်သည့် ဦးမောင်မောင်ရဲ့ချစ်ခင်ကြင်နာမှုကို သူမရခဲ့။

သူ့ဘက်ကတော့ ယောကျ်ားအတွက်အစွမ်းကုန်ပေးဆပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတဲ့မိဘတွေရဲ့ တစ်ဦးတည်းသောသမီး ဒေါ်သီဂီကို ဆရာဝန်ဆိုသောဂုဏ်တစ်ခုနဲ့ ဦးမောင်မောင်ရခဲ့သည်။

မွေးရာပါနှလုံးရောဂါဝေဒနာသည် ဒေါ်သီဂီကိုဆရာဝန်တစ်ယောက်နှင့် မိဘများကလက်ထပ်ပေးပြီး စိတ်ချရှာထင်၏။ တစ်ဦးနှင့်တစ်ဦးရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့ကြသည်။

ဒေါ်သီဂီမိဘများပိုင်သော ပွဲရုံလုပ်ငန်းများနှင့်များပြားလှသော မြေလုပ်ငန်းတို့ကို ဦးမောင်မောင်ဦးစီးလုပ်ကိုင်ခွင့်ရသွားသည်။

တစ်ဘက်ကလည်း အထူးကုဆေးခန်းကြီးကိုဖွင့်ထားပြီး ဆေးကုသလို ပွဲရုံလုပ်ငန်းတို့ကိုလည်း ကြီးကြပ်လုပ်ကိုင်၏။ ဦးမောင်မောင်က အရက်မသောက် ရှောင်းကစားမလုပ်ပေမယ့် မိန်းမရှုပ်သည့်နေရာမှာတော့ အလွန်မှကိုနာမည်ကြီးလှသည်။

ဒေါ်သီဂီပေါ်၌လည်း ဂရုစိုက်ခြင်း၊ ကြင်နာခြင်းမရှိ။ ဒေါ်သီဂီရဲ့ရောဂါက ပို၍ဆိုးသထက်ဆိုးလို့လာလေရာ အိပ်ရာထဲ၌လဲတဲ့အဆင့်သို့ပင်ရောက်လို့လာသည်။

"မိအေး ... ရေ ... မိအေး ... "

ဦးမောင်မောင်က အသံကျယ်ကျယ်ဖြင့် အခန်းအပြင်ဘက်သို့ အော်လိုက်သည်။

ဒေါ်သီဂီက ...

"ရတယ်ကိုမောင် မိအေးကိုခေါ်မနေနဲ့ သီဂီဘာသာ လျှောက်သွားမယ်"

"မင်းသဘောပဲလေ"

ဦးမောင်မောင်က သူ့ကိုယ်မှအင်္ကျီကိုဆွဲဆန့်ရင်းပြော၏။

"ဘာလုပ်မလို့လဲ ဦး ... "





"နင့် အန်တီကိုတွဲပြီး ထမင်းစားခန်းပို့လိုက် ငါအပြင်သွားစရာရှိတယ်"

"ဟုတ်ကဲ့ ... ဦး"

မိအေးက ဒေါ်သီဂီကိုပြေး၍တွဲလိုက်သည်။ ဒေါ်သီဂီအတွက် ဦးမောင်မောင်ရဲ့ဥပေက္ခာပြုခံရတာတွေက သူ့အတွက်ရိုးလို့နေပြီ ...

ဘာစကားမှလည်းဆက်မပြောချင်တော့တာကြောင့် ထမင်းစားခန်းထဲသို့ မိအေးကိုတွဲကာဝင်လာသည်။

"တူမကြီး ထမင်းစားတော့မလို့လား"

"ဟုတ်တယ်ကြီးမေ ... ကြီးမေလည်း တစ်ခါတည်းစားလေ"

"အေးကွယ် ... အေး"

ဒေါ်သီဂီမိခင်၏ ညီမအရင်းဖြစ်သည့် ဒေါ်စောနွယ်က ဒေါ်သီဂီကို ထမင်းစားရန်ပြင်ဆင်ပေးသည်။

"တူမကြီးသက်သာရဲ့လား"

"ဒီလိုပါပဲ ကြီးမေရယ် အခုတောင်ထမင်းစားကြည့်ရင် ကောင်းမလားဆိုပြီးထွက်လာတာ"

"ဟင်း"

ကြီးမေက သက်ပြင်းကိုချလိုက်သည်။ သူ့တူမလေးအတွက် စိတ်မကောင်း။ ငယ်စဉ်ကတည်းက ရောဂါဝေဒနာသည်လေး အပျိုကြီးဖြစ်တဲ့ သူ့ သက်ပေါ်မှာကြီးခဲ့သည်။

အိမ်ထောင်ကျတော့လည်း လင်ကံမကောင်း ...

"မောင်မောင် အပြင်သွားပြီလား"

"သွားပြီထင်တာပဲ သီဂီအခန်းထဲကထွက်လာတော့ အ[illegible]နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူမကြီးလည်း ဝဋ်ကြွေးတွေဆပ်နေရတော့တာပဲ၊ အေးလေ ဘာတတ်နိုင်မှာလဲ ကံ,ကံရဲ့အကျိုးပေါ့"

ကြီးမေကပြောပေမယ့် ဒေါ်သီဂီကသူ့ယောက်ျားမကောင်းကြောင်း လုံးဝမပြော ... ထမင်းကိုစိတ်မပါစွာဆက်၍စားနေသည်။

"အပြင်မှာလည်း မောင်မောင့်ရဲ့သတင်းတွေက သင်းနေတာပဲ၊ ဒင်းက ဘာဝမေ့နေတာ"

"တော်ပါတော့ကြီးမေရယ် ... သီဂီထမင်းကို အေးအေးဆေးဆေး စားပါရစေ"

"အေး ... အေး"

ကြီးမေဘာမှဆက်မပြောတော့ ဒေါ်သီဂီလည်း ထမင်းကို အနည်းငယ်သာစား၍ လက်စသတ်လိုက်သည်။

"တူမကြီးတော်ပြီလား"

"ဟုတ်ကဲ့ ... ကြီးမေ"

"အေးကွယ် ငါ့တူမကြီးရဲ့ရောဂါ အမြန်ဆုံးသက်သာပါစေလို့ ကြီးမေ ဆုတောင်းပါတယ်"

"ကြီးမေရယ် ... "

သူ့ဝေဒနာဟာ လမ်းဆုံးနေပြီဆိုတာကို ကြီးမေစိတ်မကောင်းဖြစ်မှာ ဆိုး၍မပြောတော့။ ထမင်းဝိုင်းဘေးမှာရပ်နေသည့် မိအေးကိုပြန်တွဲ၍သာ အခန်းထဲသို့ပြန်လာခဲ့တော့သည်။

❖ ⌘ ❖

ဒီညနေစောင်းလေးက နေရောင်နှင့်မို့ သာသာယာယာရှိတာကြောင့် ဒေါ်သီဂီခြံထဲဆင်းကာ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေလိုက်သည်။ ကြီးမေနှင့်မိအေးကတော့ ခြံထဲရှိပန်းပင်တို့ကို ပေါင်းရှင်းလို့နေ၏။

ကြီးမေက အသက်ခြောက်ဆယ်ဆိုပေမယ့် သန်တုန်း မြန်တုန်း အိမ်ရဲ့ ကိစ္စမှန်သမျှကို ကိုယ်တိုင်ဦးစီးကာလုပ်ဆောင်သည်။

ထိုစဉ် ...

"ဂူး"

"ကျွီ ... "

ခြံထဲသို့ အလုပ်မှပြန်လာသည့်ဦးမောင်မောင်ရဲ့ကားဝင်လာသည်။ တိုက်ရှေ့မှာရပ်လိုက်တော့ မိအေးကပြေး၍ ဦးမောင်မောင်၏လက်ကိုင်အိတ်ကို ယူ၍ အိမ်ထဲဝင်သွားသည်။

ဦးမောင်မောင်က ဒေါ်သီဂီနားလျှောက်လာပြီး ဘေးကထိုင်ခုံမှာဝင် ထိုင်လိုက်၏။

"ဒီနေ့ အတော်လန်းနေပါလား သီဂီ"





www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ပါဘူး ခေါင်းထဲနည်းနည်းကြည်တာနဲ့ ခြံထဲဆင်းထိုင်နေတာ"

"ကောင်းပါတယ်၊ မင်းရောဂါကိုကြည့်ပေးတဲ့ဒေါက်တာမျိုးသန့်ကိုတော့ ကိုယ်အလုပ်ဖြုတ်လိုက်ပြီ"

"ဘာ ... ဘယ်လို ... "

ဒေါ်သီဂီ အံ့အားသင့်လို့သွားသည်။ သူ့ဝေဒနာကို ဦးမောင်မောင်က ကိုယ်တိုင်ကုပေးတာမဟုတ်။ သူ့ဆေးခန်းက ဆရာဝန်လေးတစ်ဦးဖြစ်တဲ့ ဒေါက်တာမျိုးသန့်ကိုကြည့်ခိုင်းသည်။

"ဒီကောင် စိတ်ပျော့တယ်ကွ ဆေးဖိုးမတတ်နိုင်လည်းကုပေးလိုက်တာပဲ ကြာတော့ကိုယ်တို့ဆေးခန်းထိခိုက်တာပေါ့"

"အို ... မတတ်နိုင်တဲ့ဝေဒနာသည်တွေကို စာနာစိတ်ထားတာပဲရှင်"

ဒေါ်သီဂီ ဒေါက်တာမျိုးသန့်အတွက် စိတ်မကောင်းစွာပြောတော့ ဦးမောင်မောင်က ...

"တပိုင်းကကြည့်ရင်မှန်တယ်၊ ဒါပေမယ့်အကုန်လုံးကိုလိုက်ပြီးစာနာနေရင် ရှိတာတောင်ကုန်သွားမယ်၊ လောက်မှာမဟုတ်ဘူး"

"ကျွန်မ ဘာမှနားမလည်ဘူး။ ဒေါက်တာမျိုးသန့် ကျွန်မကိုကြည့်ပေးနေတာအဆင်ပြေတာပဲ"

ဒေါ်သီဂီကပြောပေမယ့် ဦးမောင်မောင်က မသိဟန်ဆောင်နေလိုက်သည်။

ပြီးမှ ...

"ကိုယ် ... သီဂီကိုပြောမယ်ပြောမယ်နဲ့မပြောဖြစ်ဘူး"

"ဘာကိုလဲ"

"ဒီတိုက်နဲ့ခြံရယ်၊ ပြီးတော့လုပ်ငန်းတွေအားလုံးဟာ သီဂီမိဘနာမည်





နဲ့လေ၊ အခုကိုယ်ထိုင်နေတဲ့ အထူးကုဆေးခန်းကအစ စီးတဲ့ကားအဆုံး၊ အဲဒါတွေကို ကိုယ်တို့နာမည်နဲ့လွှဲရအောင် သီဂီမိဘတွေလည်း သေသွားပြီပဲကွာ"

ဦးမောင်မောင်လေသံပျော့ပျော့လေးနှင့်ပြောတော့ ဒေါ်သီဂီအားငယ်၍ ငိုမိုးလိုက်သည်။ ပြီးတော့ ...

"ကိုမောင် ဘာကိုစိတ်ပူနေတာလဲ၊ ဒီပစ္စည်းတွေကို ဘယ်သူမှလာမယူပါဘူး"

"မဟုတ်ဘူးလေ ... သီဂီရယ် ခုရှုပ်မှနောင်ရှင်း၊ ကိုယ်တို့နာမည်လွှဲထားတော့ ဘာမှပြဿနာမရှိတော့ဘူးပေါ့"

ဦးမောင်မောင်ရဲ့လေသံ အနည်းငယ်ကျယ်သွားတာကြောင့် ပန်းပင်တွေပြင်နေတဲ့ဒေါ်စောနွယ်လှည့်ကြည့်ပြီး လုပ်လက်စအလုပ်ကိုဆက်လုပ်နေသည်။

"ကျွန်မ ရှေ့နေကြီးဦးဇော်မိုးနဲ့တိုင်ပင်လိုက်ပါ့မယ်"

"မြန်မြန်လုပ်ကွာ ကိုယ်ရင်အေးချင်ပြီ"

"ကျွန်မ မြန်မြန်သေသွားမှာစိုးလို့လား"

"ဟာ ... သီဂီကတော့လုပ်ပြီ၊ သီဂီမသေရပါဘူး ကိုယ်နောက်ထပ်အသစ်ခန့်ထားတဲ့ ဆရာဝန်မလေးလာကြည့်ပေးလိမ့်မယ်"

"ဆရာမလေး ဟုတ်လား"

"ဟုတ်တယ်၊ သူကအရမ်းတော်တယ်၊ သီဂီ့ရောဂါကိုချက်ချင်းတောင်ပျောက်သွားအောင်လုပ်ပေးလို့ရတယ်"

"အင်းပါ ... "

ဒေါ်သီဂီက အားလျော့ကာခေါင်းညိတ်လိုက်သည်။ ဦးမောင်မောင်ကတော့ သူဖြစ်ချင်တာတွေပြော၍ ဒေါ်သီဂီအနားမှထွက်လို့သွားတော့သည်။

❖ ⌘ ❖

www.burmeseclassic.com

မထင်မှတ်ဘဲ

လာရောက်ပူးကပ်နေသည့် ဝိညာဉ်အား ...

အခန်း (၇)

## သေသူ၏အထိအတွေ့

"ဒေါက်တာ ဧည့်သည်တစ်ယောက် ဒေါက်တာ့ကိုတွေ့ချင်လို့တဲ့ ဧည့်ခန်းထဲမှာစောင့်နေတယ်"

"ဩော် ... အေး ... အေး ..."

သူ့ရဲ့ကိုယ်ပိုင်အခန်းထဲမှာ စာရွက်စာတမ်းများဖြင့်အလုပ်ရှုပ်နေသည့် ဒေါက်တာဦးမောင်မောင်ကို ဆေးခန်းမှအလုပ်သမားလေးက လာခေါ်တာကြောင့် လုပ်လက်စအလုပ်များကိုရပ်ကာ အခန်းထဲမှအပြင်သို့ထွက်လာသည်။

ဆေးခန်း၏ဧည့်ခန်းမှာ အဝင်ဝညာဘက်ခြမ်းတွင်ရှိ၍ ခေတ်မီလှပစွာ ပြင်ဆင်လို့ထားသည်။

ဧည့်ခန်းထဲသို့ ဒေါက်တာဦးမောင်မောင်ဝင်လိုက်ရာ အသက်နှစ်ဆယ် ကျော်အရွယ် အဝတ်အစားသန့်သန့်ပြန့်ပြန့်နှင့် ချောမောသည့်ယောက်ျားတစ်ဦး က ဆိုဖာထိုင်ခုံတွင် ထိုင်နေရာမှ မတ်တတ်ထရပ်ပြီး ...

"မင်္ဂလာပါ ဒေါက်တာဦးမောင်မောင်"

www.burmeseclassic.com



"မင်္ဂလာပါ မောင်ရင်"

ဒေါက်တာဦးမောင်မောင်က လှုငယ်ပေးသည့်လက်ကိုပြန်၍ခွဲကာနှုတ်ဆက်လိုက်သည်။

"ထိုင်ပါ မောင်ရင် ဘာကိစ္စပါလဲ"

"ကျွန်တော့်နာမည်မင်းခပါ ဒေါက်တာ၊ ကျွန်တော် ဒေါက်တာနဲ့ ဆွေးနွေးစရာရှိလို့ပါ"

"ပြောပါမောင်ရင်"

"ကျွန်တော့်မှာ ထူးခြားတဲ့စိတ်ဝေဒနာဖြစ်နေတယ် ဒေါက်တာ"

"ဘာ ... ဘယ်လို"

ဒေါက်တာဦးမောင်မောင်က သူ့ရှေ့မှာထိုင်နေသည့် မင်းခကိုအံ့ဩစွာ ကြည့်လိုက်သည်။

"ဟုတ်တယ်ဒေါက်တာ၊ ကျွန်တော့်ရဲ့စိတ်ကို ဝိညာဉ်တစ်ခုက လွှမ်းမိုးနေသလိုပဲ၊ အဲဒီဝိညာဉ် ခံစားရတဲ့အတိုင်းကျွန်တော်လိုက်ခံစားနေရတယ်–

သူထိတွေ့တဲ့အထိအတွေ့ သူ့ရဲ့အသိအားလုံးကို ကျွန်တော်လိုက်ခံစားရတယ် ဒေါက်တာ"

"မောင်ရင် ပြောတာကိုယ်မရှင်းဘူး"

ဒေါက်တာဦးမောင်မောင်က သူ့ရှေ့မှာထိုင်နေသည့် မင်းခကို စိတ်မှန်သူ့မှဟုတ်ရဲ့လားဟု အတွေးရောက်လာသည်။

ထို့ကြောင့်လည်း မင်းခမှာဖြစ်နေတဲ့အကြောင်းအရာတို့ကို တိတိကျကျ သိနိုင်ရန်မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော်ရဲ့မူရင်းဘဝဖြစ်တဲ့ မင်းခဆိုတဲ့ဘဝကိုလည်း မမေ့ဘူး၊ ကျွန်တော့်မိဘ ကျွန်တော့်နေရပ်အားလုံးကို ကျွန်တော်သိပါတယ် ...

ထူးဆန်းတာက ကျွန်တော်ရဲ့စိတ်ကို တစ်စုံတစ်ခုက လွှမ်းမိုးရမ်း





လိုက်သလိုဖြစ်တဲ့အခါမျိုးမှာ ကျွန်တော့်ရဲ့ မင်းခဆိုတဲ့ဘဝဟာ မှတ်မိနေသော်ပဲ၊ ကျွန်တော်က တခြားဝိညာဉ်ရဲ့ခံစားမှုမျိုးတွေပဲ"

"ဟင်း"

ဒေါက်တာဦးမောင်မောင် ထိုင်ခုံနောက်ကျောကို စိတ်ပျက်စွာမှီ၍ ထိုင်ကာ ပါးစပ်မှာလည်း လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"ကျွန်တော်ပြောတာမယုံလို့လားဒေါက်တာ"

"နိုး ... နိုး ... ခဏလေး ကိုယ်စဉ်းစားနေတာ"

မင်းခကို ဒေါက်တာမောင်မောင်က လက်ကာပြကာမပြောလိုက်သည်။

မင်းခကတော့ ဒေါက်တာဦးမောင်မောင် ဘာဆက်ပြောမလဲ စဉ်းစားလို့သာနေ၏။

"ကိုယ်တို့ဆေးပညာအရတော့ မောင်ရင့်မှာ စိတ်ဝေဒနာတစ်ခု စွဲကပ်နေတာပါ၊ မောင်ရင်ဟာ ကိုယ်ပိုင်ဘဝထက် တခြားတစ်ယောက်ရဲ့ဘဝကို ပိုမက်မောနေသလိုပဲ ...

မောင်ရင် မက်မောနေတဲ့ဘဝကလည်း မောင်ရင့်ကိုယ်ပိုင်ဘဝမှန်း မောင်ရင်သိတယ်၊ ဒါပေမယ့် မရဘူး၊ အဲဒီဘဝကိုပဲမောင်ရင်စွဲလမ်းနေတယ်"

"ကျွန် ... ကျွန်တော့်ကို ဝိညာဉ်တစ်ခုခုက ပူးကပ်နေတာများလား ဒေါက်တာ"

ဒေါက်တာဦးမောင်မောင်က မင်းခကိုပြုံး၍ကြည့်လိုက်သည်၊ ပြီးတော့

"မောင်ရင်ဆိုလိုတာက မောင်ရင့်ကိုတစ္ဆေသရဲကပ်တယ်လို့ထင်နေတာလား"

"ဟို ... ဟို ... "

မင်းခ အဖြေရကျပ်လို့သွားသည်။

"ကိုယ် သရဲတစ္ဆေကိုမယုံဘူး၊ ကိုယ့်ရှေ့မှာသေခဲ့တဲ့လူတွေနည်း

www.burmeseclassic.com



ဘူး။ ကိုယ်သူတို့ကို တစ်ခါမှပြန်တွေ့တယ်လို့ကိုမရှိဘူး ...

ကိုယ့်ကိုလည်း ဝိညာဉ်အနေနဲ့လာမနှုတ်ဆက်သလို ဒုက္ခလည်းမပေးဖူးဘူး''

''ဒေါက်တာ ... ''

''ပြော ... မောင်ရင် ... ပွင့်ပွင့်လင်းလင်းပြော ကျုပ်ကူညီနိုင်တာကူညီမယ်''

ဒေါက်တာဦးမောင်မောင်က စကားလမ်းကြောင်းကိုဖွင့်ပေးလိုက်ရာ မင်းခက ...

''သေဆုံးသွားတဲ့ ဝိညာဉ်တစ်ခုက ဒေါက်တာကိုလာတွေ့ချင်လို့ တဲ့''

''ဘာ ... ဘာပြောတယ်မောင်ရင်''

ဒေါက်တာဦးမောင်မောင်ရဲ့လေသံက လိုအပ်တာထက်ပို၍ ကျယ်လို့သွားသည်။

မင်းခက ထိုင်နေရာမှမတ်တတ်ထရပ်လိုက်ပြီး ...

''အဲဒီ ဝိညာဉ်ကဒေါက်တာကိုလာတွေ့ရင် သရဲတစ္ဆေမယုံတဲ့ဒေါက်တာရဲ့အယူအဆတွေ ပြောင်းပြန်လှန်သွားမှာပါ ... ''

ပြောကာ အထူးကုဆေးခန်း၏ ဧည့်ခန်းမှထွက်သွားရာ ဒေါက်တာဦးမောင်မောင်က မင်းခရဲ့ကျောပြင်ကိုတအံ့တသြငေးကာကျန်ခဲ့တော့သည်။

❖ ⌘ ❖



ဒီ New Light ဖက်ရှင်ဆိုင်လေးကို ဒေါ်မာလာနွယ်ရောက်တော့ ဆိုင်ခါးဝတွင် အလုပ်သမားကောင်မလေးမှ စောင့်လို့နေသည်။

''အန်တီ ခုနက လူတစ်ယောက်လာသွားတယ်''

''ဘာလဲ ပစ္စည်းဝယ်မလို့လား''

''မဟုတ်ဘူးထင်တယ်၊ အန်တီ့ကိုလာမေးတာ''

ဒေါ်မာလာနွယ်ဘာမှမပြောဘဲ စဉ်းစားလိုက်သည်။ ပြီးမှ ...

''ဘယ်လိုပုံစံလဲ''

''ဒီမြို့ကတော့မဟုတ်ဘူး၊ လူပုံစံကတော့ချောချောပါပဲ''

အလုပ်သမားကောင်မလေးပြောတာကို ဒေါ်မာလာနွယ် အလျှင်အမြန်စဉ်းစားကြည့်ရာ သူ့အသိထဲတွင်ထိုပုံစံမျိုးရှိမနေ ...

''ကဲ ... ဆိုင်ဖွင့်ရအောင်''

''ဟုတ်ကဲ့''

ကောင်မလေးက ဒေါ်မာလာနွယ်ဆီမှသော့ကိုယူကာ ဆိုင်တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး လုပ်စရာရှိတာများလုပ်လို့နေ၏။

ဒေါ်မာလာနွယ်ကတော့ ကောင်တာ၌ထိုင်ကာ စာရင်းစာအုပ်ကိုလှန်၍ ကြည့်နေသည်။ ထိုစဉ် ...

"ကျွဲ ... "

ဆိုင်ရှေ့သို့ကားတစ်စီးထိုးရပ်ကာ ဒေါ်မာလာနွယ်ကလှမ်း၍ကြည့်လိုက် ၏။

ကားပေါ်မှဆင်းလာတာက အသက်နှစ်ဆယ်ကျော်ကောင်လေး တစ်ယောက် ရုပ်ရည်ကဖြူဖြူသန့်သန့်ချောချော အရပ်ကလည်းမြင့်မြင့်နှင့်ကြည့် ကောင်းလှသည်။

"ဘာအလိုရှိပါသလဲရှင်"

အလုပ်သမားကောင်မလေးကမေးတာကို ပြုံးပြ၍ဆိုင်ကောင်တာမှာ ထိုင်နေသည့် ဒေါ်မာလာနွယ်ရှိရာသို့ တန်းလျှောက်လို့လာ၏။

ကောင်တာရှေ့ရောက်တော့ ...

"ကိုယ် နွယ့်ဆီလာတာ"

"ဟင်"

ရင်းနှီးလှစွာခေါ်သည့်ပုံစံကြောင့် ဒေါ်မာလာနွယ် မော့ကြည့်လိုက် သည်။

ကောင်လေးကိုလည်း သူမမြင်ဘူး ... သူ့ကိုသေချာစွာစိုက်ကြည့်နေ သည့်ပုံကြောင့် ဒေါ်မာလာနွယ်က ...

"မင်း ဘယ်သူ့ကိုပြောတာလဲ"

"နွယ့်ကိုပြောတာပေါ့ ... ကိုယ့်ကိုတောင် မသိတော့ဘူးလား နွယ်"

"မင်း ... မင်း ... "





ဒေါ်မာလာနွယ်ဒေါသကြောင့် စကားကို ဘယ်လိုဆက်ရမှန်း မသိ ဘူး။

သူနှင့်အသက်အရွယ်ကွာခြားလွန်းလှသည့် ကောင်လေးက သူ့ကို ချစ်သူတစ်ယောက်လိုဆက်ဆံလို့နေသည်။

"ကိုယ် နွယ့်ကိုတွေ့ချင်လွန်းလို့သာ လာရတာပါ ... နွယ်ကကိုယ့် ကိုမတွေ့ချင်မှန်းကိုယ်သိပါတယ်"

"မင်း ဘယ်သူလဲ ဘာတွေလာပြောနေတာလဲ"

ဒေါ်မာလာနွယ်က အသံကိုမြှင့်၍အော်လိုက်သည်။

"ကိုယ် မြတ်သာလေ ကိုယ့်ကိုမမှတ်မိဘူးလား"

"ဘာ ... နင် ... နင် ငါ့ကိုအရူးလုပ်နေတာလား"

"ဟာ ... နွယ်ကတော့လုပ်ပြီ ကိုယ့်ယောက်ျားကိုတောင်မသိတော့ဘူး လား"

ဒေါ်မာလာနွယ် မျက်နှာတစ်ခုလုံးနီမြန်းလို့သွားသည်။

အသံကလည်း တုန်လာသလို ဒေါသကြောင့် ဘာဆက်ပြောရမှန်း တောင်မသိတော့ ...

"ကိုယ့်သမီးကိုလည်းဂရုစိုက်ပါနွယ် ... သူ့ခမျာ ကိုယ့်မရှိတော့ အားငယ်ရှာမှာ"

"သွား ... နင်ထွက်သွား"

"နွယ် ... "

"မပြောနဲ့ ဘာမှဆက်မပြောနဲ့ နင်မသွားရင် ငါဒီဆိုင်ကလူတွေကို ခေါ်ပြီး အကူအညီတောင်းလိုက်မှာနော်"

"နွယ် ... ကိုယ်ပြောတာကိုခဏ ... "

"မပြောနဲ့တော့ဆို ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာနွယ်က လေသံမြှင့်၍ အော်လိုက်ရာ မင်းခလည်းဆိုင်ထဲမှ လှည့်ကြည့်လှည့်ကြည့်နှင့်ထွက်သွားတော့သည်။

❖ ⌘ ❖

လူတစ်ကိုယ်တည်းနှင့်
ဝိညာဉ်နှစ်ခုပူးကပ်နေတာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

## အိမ်ကြီးဆီလာမည် ချေသည်

"အဲဒါပဲ မောင် ... နှယ့်စိတ်ထဲမှာတစ်မျိုးပဲ အရမ်းလည်းဒေါသထွက်တယ်"

ဒေါ်မာလာနှယ်ပြောတာကို ဒေါက်တာဦးမောင်မောင်ကခေါင်းတညိတ်ညိတ်နှင့်လုပ်လို့နေသည်။

ပြီးတော့ ...

"နှယ်ပြောတဲ့ကောင်လေးက အသက်နှစ်ဆယ်ဝန်းကျင်လောက်ရှိပြီမလား အသားဖြူဖြူအရပ်ရပ်မြင့်မြင့်နဲ့လေ ..."

"ဟင် ... မောင်ဘယ်လိုသိလဲ"

"မောင် ... ဆက်စပ်ပြီးတွေးမိတာပါ"

ဒေါက်တာဦးမောင်မောင်က သူ့ဆီကို မင်းခလာကာပြောသည့်အကြောင်းတို့ကို ရှင်းပြလိုက်၏။

"ဒါ ... ဒါဆို ... အဲဒီကောင်လေးကို ကိုမြတ်သာဝိညာဉ် ဝင်ပူးနေတာပေါ့"





"လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ကို တခြားဝိညာဉ်ကဝင်ပူးနေတယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး ...

စိတ္တဇရောဂါတစ်ခုခု စွဲကပ်နေတာဆိုရင် ကိုမြတ်သာနဲ့သူနဲ့ ဆက်စပ်မှုရှိရမယ်လေ အခုက ... "

"ဟင့်အင်း ... အဲဒီကောင်လေးကို ကိုမြတ်သာဝိညာဉ်မပူးကပ်စေရဘူး ... တကယ်လို့သာ အဲဒါဟာအမှန်ဆိုရင် ... "

အားပျော့စွာညည်းငြူယေ်သွားသည့် ဒေါ်မာလာနှယ်မျက်နှာကို ဒေါက်တာမောင်မောင်က တယုတယကြည့်၍ ...

"ဘာမှမစိုးရိမ်ပါနဲ့နှယ်ရယ် ... နှယ့်ဘေးမှာမောင်တစ်ယောက်လုံးရှိပါတယ်"

"နှယ် ... နှယ် ... ကြောက်တယ်"

ဒေါ်မာလာနှယ်က ဒေါက်တာမောင်မောင်၏ရင်ခွင်ထဲသို့ ခေါင်းဝင်ကာနေတော့ ဒေါက်တာမောင်မောင်က ဒေါ်မာလာနှယ်ရဲ့ပခုံးကိုဖက်၍ထားလိုက်သည်။

သူတို့တွေ့နေကျ စားသောက်ဆိုင်လေးရဲ့ သီးသန့်ခန်းမှာဖြစ်တာကြောင့် လွတ်လပ်စွာတွေ့ဆွေ့ခွင့်ရခြင်းလည်းဖြစ်သည်။

ညပိုင်းလည်းဖြစ်တာကြောင့် ဆိုင်၏မီးအလင်းရောင်များက မှိန်ဖျော့တာနေလေ၏။

"မောင် ... နှယ်တို့ ဘယ်အချိန်မှအတူနေခွင့်ရမှာလဲဟင်"

"နှယ်ရယ် ... မောင်ကြိုးစားနေပါတယ်"

"ဘာလဲ မောင် ... မောင့်မိန်းမသိကိသေမှလား"

ဒေါ်မာလာနှယ်က ဒေါက်တာမောင်မောင်ရင်ခွင်ထဲမှထွက်ကာ မျက်နှာကိုကြည့်၍မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိဂီက သူ့ရောဂါအခြေအနေနဲ့သက်ဆိုးမရှည်တော့ပါဘူး၊ ခဏပဲ သည်းခံပါကွာ သူ့ဆီကကိုယ်တို့ရမယ့် အမွေတွေကနည်းမှမနည်းတာ"

"အိုး ... အဲဒါတွေ ဘာလုပ်မှာလဲ နွယ့်မှာလည်းရှိတာပဲ"

"အဲဒီလိုမဟုတ်သေးဘူးလေ ကြွယ်ဝတယ်ဆိုတာထက် မောင်တို့က ပိုပြည့်စုံဖို့လိုတယ်မလား၊ ဒါမှ မောင်တို့ဖြစ်ချင်တာတွေဖြစ်ရမယ်လေ"

"နွယ် ... အဲဒါတွေမသိဘူး၊ နွယ်ကတော့မောင်နဲ့ပဲမြန်မြန်အတူနေချင်ပြီ"

ဒေါက်တာမောင်မောင်က ဒေါ်မာလာနွယ်လက်ကို တယုတယဆုပ်ကိုင်လိုက်ပြီး ...

"မောင်တို့ကို သုသုကလက်ခံပါ့မလား"

"အို ... မလိုပါဘူး။ နွယ်ဖြစ်ချင်တာကို ဘယ်သူမှတားပိုင်ခွင့်မရှိဘူး"

"မောင် ... ယုံပါတယ်ကွယ်"

ဒေါက်တာမောင်မောင်က ဒေါ်မာလာနွယ်ကိုယ်လေးကို တင်းကျပ်စွာဖက်ထားလိုက်တော့သည်။

❖ ⌘ ❖



"သုသု ဒက်ဒီမင်းကိုစောင့်နေတာ လာမှလာပါ့မလားလို့ စိတ်ပူလိုက်တာ"

ကော်ဖီဆိုင်လေးထဲဝင်လာသည့် သုဝတီက ထိုင်ခုံတွင်မထိုင်ရသေး မင်းခကလှမ်းပြောတာကြောင့် မျက်နှာပျက်လို့သွားသည်။

"မင်းခကို သုပြောထားတယ်လေ အဲလိုမပြောပါနဲ့လို့ ... "

သုဝတီကပြောရင်း ထိုင်ခုံတစ်လုံးကို ဆွဲ၍ထိုင်လိုက်သည်။

"ဒက်ဒီ ... အဲ ... ကိုယ်စကားပြောလောသွားလို့ပါ ... ဆောရီး"

"ရပါတယ် ... မင်းခ ဒီမြို့မှာပဲနေတော့မှာလား"

"ဘာလို့လဲ ... သု"

"ဪ ... ဒီမြို့ရဲ့မိုတယ်မှာတည်း ဘာမှအဓိပ္ပါယ်မရှိတဲ့အလုပ်တွေလုပ်နေတာလေ ... "

သုဝတီပြောတာကို မင်းခက ခေါင်းခါလိုက်သည်။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကမှ ဒီမြို့ကမခွဲချင်တာ ..."

" ... "

သုဝတီကခေါင်းကိုငုံ့ထားလိုက်သည်။ ဘာစကားဆက်ပြောရမှန်းလည်း မသိတော့ ...

"ကိုယ်တကယ်ပြောတာ ကိုယ်သူ့ကိုစိတ်မချဘူး။ တစ်ခုခုကို စိုးရိမ်သလိုပဲ"

"ဟင် ... ဘာကိုစိုးရိမ်တာလဲ"

"မသိဘူးကွာ ... ကိုယ် ဟိုတစ်နေ့က နွယ် ... အဲ သူ့ရဲ့မာမီနဲ့သွားတွေ့ပြီးပြီ"

"ဟင်"

သုဝတီက ခေါင်းကိုငုံ့ထားရင်းမှ မင်းခေါ်မျက်နှာကိုမော့၍ကြည့်လိုက်သည်။

"ကိုယ့်ကို သူလက်မခံဘူး။ အေးလေ ဒါကလည်းယုံရခက်တဲ့ပြဿနာတွေပဲမလား"

"မာမီက ဒက်ဒီကိုလုံးဝကြင်နာတာမဟုတ်ဘူး မင်းခ ... ဒက်ဒီမရှိတော့တဲ့အတွက် သူ့ဘဝကလွတ်လပ်သွားပြီလို့တောင် သူ့ကိုယ်သူထင်နေတာ"

"ကိုယ် သဘောပေါက်ပါတယ်"

မင်းခရဲ့အသံက လွမ်းလွမ်းဆွေးဆွေးနိုင်လွန်းလှသည်။ ဒါကို သုဝတီမကြိုက် ...

"မာမီ့ကိုတော့စိတ်ကူးမယဉ်နဲ့မင်းခ၊ သူကတစ်ယူသန်သမား၊ သူ့စိတ်ထဲမှာရှိတဲ့ လူတစ်ယောက်ကို နှစ်တွေဘယ်လောက်ကြာကြာမေ့ထားမှာမဟုတ်ဘူး"





"ဒေါက်တာ ဦးမောင်မောင်ကိုပြောတာလား"

"မင်းခ သိနေတာပဲ"

မင်းခက ဆိုင်အပြင်ဘက်ရှိခင်းများဆီသို့ ရီဝေစွာကြည့်ရင်း ...

"ကိုယ်လိုချင်တာ ကိုယ်တို့ရဲ့မိသားစုဘဝလေး ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာကိုပဲ ... အေးလေ ဘာတတ်နိုင်မှာလဲ၊ ဖြစ်ချင်တာကိုဖြစ်ခွင့်ရေရင်တောင် ဖြစ်လာတာကိုပဲကျေနပ်ရမှာပေါ့"

"ဟင်"

မင်းခပြောတဲ့စကားတွေဟာ ဒက်ဒီ သူ့ရှေ့မှာပြောတဲ့စကားတွေပဲဖြစ်သည်။

မင်းခရဲ့ကိုယ်မှာ တကယ်ပဲ ဒက်ဒီ့ဝိညာဉ်ပူးကပ်နေတာလား။ သုဝတီဆက်ခံရမလိုဖြစ်နေသည်။ မင်းခ သူ့ကိုဆက်ဆံတာလည်း ရွယ်တူချင်းရင်းနှီးကြိုက်ရလေးထားမှုမျိုးမဟုတ်ဘဲ အသက်အရွယ်ကွာခြားလွန်းသူက စိတ်မချသည့်ပုံမျိုးဖြစ်နေသည်။

"သု ... ကိုယ်သုတို့အိမ်ကိုလာလည်လို့ရမလား"

"ဘာလုပ်မလို့လဲ ဟင်"

"ကိုယ် သတိရလွန်းလို့ပါ"

"ခက်တာပဲ ... မာမီက မင်းခဖြစ်နေတာတွေကိုလက်ခံမှာမဟုတ်ဘူး"

"ကိုယ်နားလည်ပါတယ် ... ဒါပေမယ့် သုတို့နေတဲ့အိမ်နေရာတာကိုယ်တည်ဆောက်ထားတဲ့ မိသားစုလေးရဲ့နေရာပါ ... ဘယ်လိုအနေအထားမျိုးပဲဖြစ်ဖြစ် ကိုယ်မြင်ခွင့်ရချင်ပါတယ်"

"အင်း ... ဒီလိုလုပ်ပါလား"

သုဝတီကစဉ်းစားရင်း မင်းခကိုပြောလိုက်သည်။ မင်းခက ...



www.burmeseclassic.com

"ဘယ်လိုလုပ်ရမလဲ"

"မာမီက မနက်ကိုးနာရီလောက်ဆိုရင်သွားတာ မာမိမရှိတဲ့အချိန် လာလေ"

"အိုကေ ... ကိုယ်လာခဲ့မယ်"

မင်းခက ဝမ်းသာစွာပြောလိုက်သည်။ သုဝတီကတော့ ကြည်နူးစွာ ဝင်းလက်သွားသည့် မင်းခမျက်နှာကိုငေး၍သာကြည့်နေလေတော့သည်။

❖ ⌘ ❖



စန္ဒယားကြိုးကိုတီးလိုက်သည့်
သံစဉ်ကြောင့် ...

www.burmeseclassic.com

အခန်း (၉)

**မိုးဥက္ကာသံစဉ်**

"ဒီစားပွဲဝိုင်းလေးမှာ တနင်္ဂနွေရက်ဆိုရင် ကိုယ်တို့စကားပြောဖြစ်ကြတယ်လေ"

ခြံထဲက ကျောက်ခုံစားပွဲလေးကိုလက်ညှိုးထိုးပြကာ မင်းခကပြောတော့ သုဝဏ္ဏီက မကြားချင်ယောင်ဆောင်လိုက်သည်။ သုဝဏ္ဏီတို့ခြံက ခြံရှေ့နှင့်အနောက်ကို အတော်ကျယ်သလို ခမ်းနားလှသည့်တိုက်ကြီးကိုလည်း အိမ်ရှေ့နေရာကျယ်ကျယ်ရစေရန် ခြံနောက်ဘက်ဆုတ်၍ဆောက်ထားသည်။

"ကိုယ်က နွယ့်စိတ်တွေကိုတစ်နေ့ပြောင်းလာမှာပဲလို့တွေးခဲ့တာ"

မင်းခက အိပ်မက်မက်နေသူတစ်ယောက်လို စကားကိုတောက်လျှောက်ပြောလို့နေသည်။ သူပြောတဲ့စကားတွေထဲမှာ သူကိုယ်သူ ဒက်ဒီဆိုတဲ့အသုံးအနှုန်းမပါအောင် ဂရုစိုက်ပြောနေရသည်။

သုဝဏ္ဏီက မင်းခ သူ့ကိုယ်သူဒက်ဒီပြောတာကိုတော့လက်မခံ ... ထို့ကြောင့်လည်း မင်းခက သူ့ကိုယ်သူကိုယ်ဆိုတဲ့နာမည်နာမ်စားကိုအသုံးပြု၍ပြောခြင်း။





"ကိုယ်မမျှော်လင့်ဘဲ ကားအက်ဆီဒင့်ဖြစ်ခဲ့တယ်၊ ကိုယ်သတိရချိန်မှာ ကိုယ့်ခန္ဓာကိုယ်မဟုတ်တဲ့ဆီမှာရောက်ခဲ့တယ် ...

နောက်တစ်ခုထူးဆန်းတာက ကိုယ်ဟာ ကိုယ့်ကိုယ်ကိုယ် မင်းခမှန်းလည်း သိတယ်"

"မင်းခကို သုပြောမယ်နော်"

"ပြောပါသု"

"မင်းခဟာ ခန္ဓာတစ်ခုနဲ့ဝိညာဉ်နှစ်ခုပူးနေသလိုဖြစ်နေတာလား"

မင်းခက လမ်းလျှောက်ရင်းမှ ဘောင်းဘီအိတ်နှစ်ဖက်ထဲသို့ လက်ကိုထည့်ကာလျှောက်ရင်း ...

"ကိုယ်တကယ်ခံစားရတာ ဦးမြတ်သာဆိုတဲ့ ဝိညာဉ်ရဲ့ခံစားမှုတွေပဲသု"

"ဟင် ... "

"ကိုယ်တကယ်ပြောတာပါ"

"ဒါဆို ... မင်းခဆိုတာ ... ဘယ်တော့မှဖြစ်မလာနိုင်တော့ဘူးပေါ့"

သုဝဏ္ဏီရဲ့အသံက တိမ်ဝင်လို့သွားသည်။

မင်းခက ...

"ကိုယ်ကိုယ်တိုင်ကလည်း ကိုယ်ရဲ့ဘဝအမှန်တစ်ခုကို ပြန်ရချင်ပါတယ် ဒါပေမယ့် ... "

"မင်းခရယ် ... သုက ဒက်ဒီ့ကိုသိပ်ချစ်တာပါ၊ ဒက်ဒီရဲ့မေတ္တာအငွေ့အသက်တွေ မင်းခဆီကရတာ သုအရမ်းဝမ်းသာပါတယ် ...

ဘယ်လိုပြောရမလဲ ပျောက်သွားတဲ့အရာတစ်ခုကို ဘယ်တော့မှပြန်ရမှာမဟုတ်ဘူးလို့တွေးထားတာ၊ ရုတ်တရက်ပြန်ရလိုက်သလို ခံစားရတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ... ''

သုဝတီရဲ့စကားသံက တိတ်လို့သွားသည်။ မင်းခက သုဝတီ ဘာ ဆက်ပြောမလဲ ငြိမ်၍နားထောင်နေ၏။

သုဝတီက ...

''သု ဒက်ဒီဆီကရတာကို ဒက်ဒီအဖြစ်နဲ့ပဲမြင်ချင်ပါတယ်လေ''

''သု ... ''

မင်းခက သုဝတီကိုအလန့်တကြားခေါ်လိုက်သည်။

''မင်းခကိုတွေ့နေပါရက်နဲ့ ဒက်ဒီရဲ့မေတ္တာတွေပါလားဆိုတာ သု မတွေးရဲဘူး။ သုကိုနားလည်ပေးပါနော်''

သုဝတီရဲ့စကားသံတွေက အနည်းငယ်တုန်ခါလို့နေသည်။

မင်းခကတော့ ဘာမှဆက်မပြောဘဲ သုဝတီနှင့်အတူငြိမ်ထဲရှိကွန်ကရ လမ်းလေးမှာ အတူတွဲကာလျှောက်လို့နေ၏။

ခဏကြာတော့ ...

''သု ... ကိုယ်စန္ဒယားတီးချင်တယ်''

''ဟင်''

''အိမ်အောက်ထပ်ထောင့်ခန်းမှာ စန္ဒယားရှိသေးတယ်မလား ကိုယ်တီးပြနေကျသီချင်းရဲ့သံစဉ်တီးပြမယ်လေ ...

သု ... ငယ်ငယ်ကဆို စန္ဒရားရဲ့သံကြားမှ အိပ်ပျော်တာမလား ကိုယ့်ကိုတီးခွင့်ပေးပါနော်''

''ရှင်''

မင်းခက ဒက်ဒီနဲ့ပတ်သက်တာတွေအကုန်သိနေပါလားဆိုတဲ့ အတွေး က သုဝတီရင်ကိုတုန်လှုပ်လို့သွားစေသည်။

''ကိုယ့်ကို စန္ဒယားတီးခွင့်ပေးမှာလား သု''





''ဪ ... အင်း ... အင်း ... ''

သုဝတီက မင်းခကိုအိမ်ထဲခေါ်လာသည်။ မင်းခက စန္ဒယားရှိသည့် အခန်းသို့ တန်းမတ်စွာသွား၍ စန္ဒယားနက်ကြီးကိုတယုတယပွတ်ကြည့်လိုက် ၏

အကိုင်အတွယ်မရှိ သန့်ရှင်းမလုပ်ဘဲထားခဲ့တာ အတော်ကြာပြီမို့ စန္ဒယားကြီးပေါ်မှာ ဖုန်များတက်ကာနေလေသည်။

ဒီအိမ်ကြီးမှာ စန္ဒယားတီးတတ်တာ ဦးမြတ်သာတစ်ယောက်သာရှိ သည်။

ဒေါ်မာလာနွယ်က စန္ဒယားသံကိုနားလည်းမထောင် ကြိုက်လည်း မကြိုက်။

ဦးမြတ်သာကတော့ သူ့အပေါ်ဥပေက္ခာပြုလွန်းလှသည့် ဒေါ်မာလာနွယ် အပေါ် ဘာတစ်ခွန်းမှအပြစ်မတင် စန္ဒယားတီး၍သာဖြေခဲ့သည်။

သမီးလေးရှိလာတော့ သမီးကို ပေါင်ပေါ်တင်ကာ စန္ဒယားတီး၍ စိတ်အာပန်းဖြေခဲ့ရတော့၏။

''စန္ဒယားကို ဘယ်သူမှသန့်ရှင်းလေးမလုပ်ကြဘူးလား''

''မလုပ်ဘူး၊ အိမ်ကအလုပ်သမားတွေကလည်း သရဲခြောက်တယ်ဆိုပြီး အခန်းထဲမဝင်ရဲကြဘူးလေ''

မင်းခမေးတာကို သုဝတီဖြေလိုက်၏။

မင်းခက ထိုင်ခုံတစ်လုံးကိုဆွဲယူ ထိုင်ကာ စန္ဒယားခလုတ်များကို လက်နှင့်စမ်း၍တီးကြည့်လိုက်၏။

သုဝတီကတော့ ဘေး၌ရပ်ကာ မင်းခဘာလုပ်မလဲဆိုတာကြည့်နေ သည်။

''သု ကိုယ်တီးပြမယ် ဒီသံစဉ်ကိုသုကြားဖူးမှာပေါ့''

www.burmeseclassic.com



"အင်း"

သုဝတီခေါင်းညိတ်ပြလိုက်ရာ မင်းခကစန္ဒယားခလုတ်များအပေါ် လက်ကပြေးလွှားကာ စန္ဒယားကိုစတင်၍တီးခတ်တော့သည်။

"ဟင်"

မင်းခတီးတဲ့စန္ဒယားသံစဉ်က သူဒက်ဒီတီးခတ်ခဲ့သည့်စန္ဒယားသံစဉ်နှင့်တစ်ထပ်တည်းကျလို့နေသည်။

အံ့ဩစရာကောင်းလိုက်တာ ဒီသံစဉ်ကိုသူငယ်စဉ်ထဲကနားထောင်လာတာ အလွတ်ကိုရနေတာ စန္ဒယားတီးကွက်တို့နှင့်တူညီစွာ မင်းခကတီးတတ်လို့နေသည်။

မင်းခရဲ့မျက်နှာကို သုဝတီငေးကြည့်ရင်း မျက်လုံးထဲတွင်မျက်ရည်တွေဝေ့ဝဲလို့လာ၏။

အတက်အကျညီစွာ တီးခတ်နေသည့် စန္ဒယားသံစဉ်၏အဆုံးအပိုင်းနားရောက်တော့ သုဝတီရဲ့ပါးပေါ် မျက်ရည်ပူတို့လိမ့်ဆင်းလို့လာသည်။

ထိုစဉ် ...

"သုဝတီ ... "

"ဟင်"

မာမီရဲ့ပြင်းထန်စွာအော်လိုက်သည့်အသံ... သုဝတီအသံလာရာကိုကြည့်လိုက်တော့ မာမီအခန်းဝမှာရပ်နေ၍ စန္ဒယားတီးနေသည့်မင်းခကို ဒေါသမျက်လုံးတို့ဖြင့်ကြည့်နေသည်။

"သုဝတီ ... စန္ဒယားတီးတာကို ရပ်နိုင်းလိုက်စမ်း"

"မင်း ... မင်းခ ... ရပ်လိုက်ပါနော်"

သံစဉ်များတွင် စိတ်ရောကိုယ်ပါနစ်မျောနေသည့် မင်းခရဲ့ ပခုံးကို သုဝတီက လက်နှင့်အသာတွန်းကာ သတိပေးလိုက်သည်။





"သုဝတီ ... သူ့ကို ဘာလို့စန္ဒယားတီးခွင့်ပေးတာလဲ"

ဒေါ်မာလာနွယ်ကပြောလိုက်ရာ မင်းခက ဒေါ်မာလာနွယ်မျက်နှာကို လှမ်းကြည့်လိုက်သည်။

သုဝတီက ...

"သူက သမီးသူငယ်ချင်းပါမာမီ၊ စန္ဒယားတီးချင်တယ်ဆိုလို့"

ပြောလိုက်ရာ ဒေါ်မာလာနွယ်က အခန်းထဲသို့ဝင်လာခဲ့ပြီး မင်းခအား တွင်ရပ်လိုက်၏။

ပြီးတော့ ...

"မင်း ငါတို့နဲ့လာပတ်သက်စရာအကြောင်းကိုမရှိဘူး။ နောက်တစ်ခါ ငါ့အိမ်ကိုဘယ်တော့မှမလာပါနဲ့"

"နွယ် ... "

မင်းခက မတ်တတ်ရပ်၍ခေါ်လိုက်ရာ ဒေါ်မာလာနွယ်က ...

"ခေါ်ပြန်ပြီလား ... မင်းပြန်တော့ ... "

လေသံမာမာနှင့်ပြောလိုက်ရာ မင်းခက ...

"နွယ် ... ကိုယ့်ကိုလက်မခံရင်တောင် ကိုယ်နေခဲ့တဲ့ ဒီအိမ်ကိုအမှတ်တရအနေနဲ့ ကိုယ်လာကြည့်တာပါ"

"ငါ့ကို အရူးလာမလုပ်နဲ့ မင်းဘာပြောပြော ငါမယုံဘူး။ သွားစမ်းထွက်သွား"

"မာမီ ... "

သုဝတီကလှမ်း၍ ဒေါ်မာလာနွယ်ကို စကားပြောရန် ပြင်လိုက်သော်လည်း ဒေါ်မာလာနွယ်က ...

"နောက်တစ်ခါ ငါ့ခွင့်ပြုချက်မရဘဲ ငါ့အိမ်ကိုဘယ်အပေါင်းအသင်းကိုမှ ခေါ်မလာနဲ့ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြော၍ အခန်းထဲမှာထွက်သွားရာ မင်းခက ဒေါ်မာလာနှယ်ကျောပြင်ကို ငေးကာကျန်ခဲ့တော့သည်။

❖ ⌘ ❖



ညသန်းခေါင်ယံအချိန် ...
ဖုန်းမြည်သံကြောင့် ကောက်ကိုင်လိုက်ရာ ...
တစ်ဘက်ကပြောသည့် အသံနက်ကြီးက ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

## တံခါးခေါက်သံ

"မင်းခက နင့်ဒက်ဒီဝိညာဉ်နဲ့လူဆိုတာ နင်တကယ်ယုံပြီပေါ့"

မျိုးမျိုးက သုဝတီပြောတာကိုနားထောင်၍ မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်ဟာ အစကတော့လက်မခံပါဘူး၊ ကြာလာတော့သူ့ရဲ့ အပြုအမူအပြောအဆိုတွေက ဒက်ဒီနဲ့တစ်ထပ်တည်းကျလာတယ်၊ ငါဘာကြိုက်တယ်ဆိုတာကအစပေါ့ဟာ"

မျိုးမျိုးကတော့ သုဝတီပြောတာကိုလက်ခံသည့်ပုံစံမျိုးနှင့်ခေါင်းကို ညိတ်လိုက်သည်။

"ဟုတ်တယ် သုသု၊ မင်းခနဲ့ငါတို့ကအသက်ချင်းဘာမှကွာတာမဟုတ်ဘူး။ ဒါပေမယ့်-မင်းခရဲ့ပုံစံက သာမန်ရှိတဲ့အရွယ်ထက်ပိုပြီးတည်ငြိမ်နေသလိုပဲ"

"အေးဟာ ... အစကတော့ ငါလက်မခံပါဘူး။ တဖြည်းဖြည်းနဲ့သူက ဒက်ဒီသိတာတွေအကုန်လုံးသိနေတယ်"

"သုသု ... နင် မင်းခကိုဘယ်လိုလက်ခံလဲ"





"ဘာကိုလဲ"

မျိုးမျိုးမေးတာကို သုဝတီကနားမလည်၍ ပြန်မေးလိုက်ခြင်းဖြစ်သည်။

"ဒီလိုလေဟာ ရှယ်တူချင်းသံယောဇဉ်လား၊ ဒါမှမဟုတ် နင့်ဒက်ဒီဆိုတဲ့ အတွေးနဲ့လား"

"အင်း ... ဘယ်လိုပြောရမလဲ ... "

သုဝတီစဉ်းစားလိုက်သည်။ မျိုးမျိုးကစိတ်မရှည်စွာဖြင့် ...

"ပြောချင်သလိုသာပြောဟာ"

"အမှန်အတိုင်းပြောရရင်၊ ငါမင်းခကို မင်းခအနေနဲ့ပဲစိတ်ဝင်စားတယ်၊ ဒက်ဒီရဲ့အငွေ့အသက်တွေ သူ့ဆီကရတယ်ဆိုပေမယ့် ငါခံစားလို့ရတာနဲ့က တခြားစီပဲဟာ"

မျိုးမျိုးက ခေါင်းညိတ်ပြလိုက်ပြီး ...

"နင် ဘာဆက်လုပ်မလဲ သုသု"

"ငါက ဘာဆက်လုပ်ရမှာလဲ"

"ဒီလိုလေဟာ ... မင်းခက တစ်သက်လုံး နင့်ဒက်ဒီစိတ်နဲ့ဆိုရင် နင်ဘယ်လိုလုပ်မလဲ"

"ငါက ဘယ်လိုလုပ်မလဲ ဒီအတိုင်းပဲနေရမှာပေါ့"

"နင့်မာမီကလည်း သူ့ကိုလုံးဝလက်မခံဘူးနော်"

မျိုးမျိုးစကားကြောင့် သုဝတီပြုံးလိုက်ပြီး ...

"မာမီက အရင်ထဲက ဒက်ဒီကိုမကြင်နာတာ၊ မင်းခကသူ့ကိုယ်သူ ဒက်ဒီပါလို့ပြောနေတော့ပိုဆိုးတာပေါ့"

"ဒေါက်တာဦးမောင်မောင်နဲ့ကလည်း နင့်မာမီကိုနေရာတိုင်းမှာတွေ့နေတယ်နော်"

"မာမီက အခုမှသူ့ဘဝစတာလို့ထင်နေလားမှမသိဘူး လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဂရုမစိုက်တော့ဘူး။ သူ့စိတ်ထဲမှာ ငါ့ကိုကောင်း ရှိချင်မှရှိတော့မှာ လေ"

မျိုးမျိုးကတော့ သုဝတီရဲ့အကြောင်းကိုအလုံးစုံသိထားတာကြောင့် ဆက်၍ဝေဖန်ခြင်းမပြုတော့ ...

သုဝတီက သူ့ရှေ့ကော်ဖီခွက်ထဲမှ ကော်ဖီကိုတစ်ငုံယူ၍သောက်လိုက်စဉ် မျိုးမျိုးက ...

"သုသု နင် ဟိုမော်ဆရာဆိုတဲ့လူဆီမသွားဘူးလား"

"ဟင် ... အေး ... ဟုတ်သားပဲ ငါမေ့နေတာ"

"ဒီလိုလုပ်ပါလား။ နင်သွားရင် မင်းခကိုပါအဖော်ခေါ်သွားလေ"

"မဖြစ်ဘူးထင်တယ်၊ ငါ့ကိုပဲခေါ်ထားတာဆိုတော့ ငါပဲသွားလိုက်တာကောင်းမယ်ထင်တယ်"

"အေး ... သွားလိုက်မယ်"

မျိုးမျိုးပြောတာကို သုဝတီက အားတတ်သရောခေါင်းညိတ်ပြလိုက်တော့သည်။

❖ ⌘ ❖



"တူ ... တူ ... "

"ဟင်"

ရုတ်တရက် ဖုန်းသံထမြည်သဖြင့် အိပ်ပျော်နေသည့် ဒေါ်မာလာနွယ်ဟာ ဆတ်ခနဲနိုးလာသည်။

ညအိပ်ရာဝင်စဉ်က ဖုန်းကိုပိတ်မထားမိ။ အခုလို ညဥ့်နက်သန်းခေါင် ဖုန်းကို လာလေ့လာထရှိတာမဟုတ်။ အခုဘယ်ကဘယ်လို ဖုန်းကလာမှန်းမသိ စိတ်ပျက်စွာ ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို"

"နွယ်လား ... ကိုယ်ပါ"

"ဟင်"

ဒေါ်မာလာနွယ်လန့်ကာ ကြက်သီးများပင်ထလို့သွားသည်။

"ကိုယ် နွယ့်ကိုသတိရလွန်းလို့ဆက်လိုက်တာ ... "

ဒေါ်မာလာနွယ် မျက်လုံးထဲတွင် မင်းခရဲ့ပုံရိပ်ကိုမြင်မိသဖြင့် ...

"နင် ... နင် မင်းခမလား။ နင် ငါ့ကိုဘာနှောင့်ယှက်ဖို့ထဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကိုယ်ပါ အခုခြံထဲကပြောနေတာလေ"

"ဘာ"

ဒေါ်မာလာနွယ်ကြောက်လန့်ကာ ခုတင်ပေါ်မှဆင်းလိုက်သည်။ အသံက သူ့ယောကျ်ား ကိုမြတ်သာရဲ့အသံဖြစ်နေတာကလည်း သူ့ကိုပို၍ထိတ်လန့်စေသည်။

"ကိုယ့်ဆီကိုလာခဲ့ပါလား ကိုယ်တို့စကားပြောရအောင်"

"ရှင် ... ရှင် ကျွန်မကိုလာမနှောင့်ယှက်ပါနဲ့၊ ရှင်ကသေသွားပြီ"

"ကိုယ်သိပါတယ် နွယ်ရယ် ... ဒါပေမယ့် သမီးနဲ့နွယ့်ကို ကိုယ် ဘယ်လောက်ချစ်လဲ တမလွန်ကတောင်ကိုယ်ရောက်အောင်လာခဲ့တာ"

ဒေါ်မာလာနွယ်ရဲ့ဖုန်းကိုင်ထားသည့်လက်တို့ တုန်လို့လာသည်။ ခြံ မှာဆိုတဲ့အတွေးကြောင့် ပြတင်းပေါက်နားဆီသို့သွားကာ လိုက်ကာကိုဖွင့်ကြည့် လိုက်၏။

"ဟင်"

ခြံထဲရှိကြီးမားသော တောင်သရက်ပင်ကြီးအောက်တွင် မည်းမည်း သဏ္ဍာန်အရိပ်မည်းကြီးတစ်ခုက သူ့အခန်းပြတင်းပေါက်ဝကို ကြည့်နေ သည်။

"ကိုယ် နွယ်တို့ကိုစိတ်မချလို့ တခြားခန္ဓာကိုယ်တစ်ခုထဲကို ဝင်ပြီးနေ တာလေ"

"ဟင် ... ရှင် ... ရှင် ... သွားပါတော့ ကျွတ်ရာလွတ်ရာသွား တော့"

"ကိုယ့်သမီးကို စိတ်မချဘူးနွယ်ရယ် ... ကိုယ် သမီးဘေးနား အမြဲရှိနေတာ နွယ်ခွင့်ပြုပါနော်"

"ရှင်နဲ့ကျွန်မတို့က ဘဝခြားနေပြီ ရှင် ကျွတ်အောင်ကျွန်မ ဘာ





ပေးရမလဲပြော ကျွန်မအကုန်လုပ်ပေးမယ်"

"ကိုယ် ကျွတ်လွတ်အောင်ဟုတ်လား"

"ဟုတ်တယ်"

"ဟား ... ဟား ... ဟား"

ကြောက်စရာကောင်းလောက်သည့် ရယ်မောသံကြီး ထွက်လို့လာ သည်။

"အိုး"

ဒေါ်မာလာနွယ်လည်းလန့်ကာ လက်ထဲမှဖုန်းက အောက်သို့ကျသွား သည်။

"ဟား ... ဟား ... ဟား ... "

"ဟင်"

ဖုန်းထဲကရယ်မောသံက အပြင်မှပင်ကြားလို့နေရတာကြောင့် ဒေါ်မာလာနွယ်လည်း ခုတင်ဘောင်တွင်ထိုင်လျက် ဖုန်းကိုအထိတ်တလန့်ကြည့် နေမိသည်။

ထိုစဉ် ...

"ဒေါက် ... ဒေါက် ... "

ပြတင်းပေါက်မှ တံခါးခေါက်သံကိုကြားလိုက်ရသဖြင့် မျက်လုံးရဲ့အကြည့် တွေက ပြတင်းပေါက်ဆီရောက်လို့သွားသည်။

"နွယ် ... "

ကြောက်စရာကောင်းလှသည့်အသံကြီးကြောင့် ဒေါ်မာလာနွယ် သွေး ပျက်ကာ သူ့ရင်ဘတ်ကိုလက်နှစ်ဖက်နှင့်ဖိထားလိုက်၏။

ပြီးတော့ ...

"အား ... "



www.burmeseclassic.com

www.burmeseclassic.com



အာခေါင်ခြစ်ကာအော်သံနှင့်အတူ အိပ်ရာပေါ်တွင်ပစ်လဲကာကျသွားတော့သည်။

❖ ⌘ ❖



သူတွေ့လိုက်ရသည့် ကြောက်မက်
ဖွယ်မြင်ကွင်းကြောင့်
စကားသံတို့လည်ဝတွင်တစ်ဆို့ကာ
ထိုသံတို့လုံးဝထွက်လာခြင်းမရှိတော့ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### မရွှေ့ရဲ့အသံ

"မာမီ ... ဘယ်လိုဖြစ်တာလဲဟင်"

ခုတင်ပေါ်မှာပက်လက်အနေအထားဖြင့် မျက်လုံးလေးလည်ကာကြည့်နေသည့် ဒေါ်မာလာနွယ်ကို သုဝတီမေးလိုက်၏။

"အာ ... အ ... အာ"

ဒေါ်မာလာနွယ်နှုတ်ခမ်းနှစ်ဖက်က ပွင့်လို့လာပေမယ့် အသံကထွက်မလာ ...

"မာမီ ဘာပြောမလို့လဲပြောလေ"

"အင်း ... အင်း ... "

ဒေါ်မာလာနွယ်က ခုတင်ဘေးတွင်ကျလျက်ရှိသော ဖုန်းကိုလက်ညှိုးထိုးပြသည်။ သုဝတီက ...

"ဘာလဲ မာမီ ဖုန်းဆက်ရမှာလား"

" ... "





ဒေါ်မာလာနွယ်ခေါင်းကိုညိတ်ပြသည်။ သုဝတီသဘောပေါက်လိုက်သွားပြီ။ မာမီဖုန်းဆက်ချင်တာက ဒေါက်တာဦးမောင်မောင်ဆီသို့ပဲဖြစ်မည်။

သူကိုယ်တိုင်ကတော့ ပြောလို့မဖြစ်တော့ ပြောချင်သည့် စကားသံတို့ကလည်းထွက်မလာပါ ...

သုဝတီလည်း သူ့မိခင်ရဲ့အခြေအနေကို စိတ်မကောင်းဖြစ်ကာ မိခင်ဆန္ဒအတိုင်း ဒေါက်တာဦးမောင်မောင်ဆီသို့ဖုန်းခေါ်လိုက်သည်။

"ဟဲလို ... "

"ဦးမောင်လား သုဝတီပါ"

"သုဝတီပြော ... "

"မာမီစကားပြောလို့မရတော့ဘူး အမြန်လာခဲ့ပါ"

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

"မသိဘူး ... ဦးမောင်သာအမြန်လာခဲ့ပါ"

"အေး ... အေး ... "

သုဝတီဖုန်းကိုပိတ်လိုက်သည်။ ပြီးတော့ သူ့မာမီအား ...

"ဦးမောင်က လာခဲ့မယ်တဲ့ မာမီဘာစားမလဲ၊ အစာတစ်ခုခုစားထားလေ၊ ဦးမောင်လာရင်ဆေးထိုးဆေးသောက်ရမယ်မလား"

" ... "

ဒေါ်မာလာနွယ်က ခေါင်းကိုခါပြလိုက်သည်။ သုဝတီကခုတင်ဘေးၡိုင်ကာ ဒေါ်မာလာနွယ်လက်တို့ကို ဆုပ်နယ်ကာပေးနေ၏။

ခဏကြာသောအခါ ဒေါက်တာဦးမောင်မောင်ရောက်လို့လာသည်။

"ဘယ်လိုဖြစ်တာလဲ နွယ်"

"အား ... အ ... "

"စကားမပြောနိုင်တော့ဘာ ဦးမောင်၊ မာမီအခန်းထဲကထွက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သုအခန်းထဲဝင်ကြည့်တော့ အိပ်ရာပေါ်မှာလဲနေတာတွေ့တာပဲ''

''ဘာမှစိတ်မပူပါနဲ့နွယ် ... မောင်စမ်းသပ်ကြည့်လိုက်မယ်''

ဒေါက်တာဦးမောင်မောင်က လိုအပ်တဲ့စမ်းသပ်မှုတို့ကိုပြုလုပ်၍နေသည်။

ပြီးတော့ ...

''အခြေအနေက အားလုံးပုံမှန်ပဲ နွယ်စကားပြောကြည့်ပါဦး''

''အ ... အာ ... ''

ဒေါ်မာလာနွယ်က သူ့လည်ချောင်းကိုအားယူ၍ စကားပြောကြည့်ရန်ကြိုးစားသော်လည်း အသံကထွက်မလာ ...

''ဟင်''

ဒေါက်တာဦးမောင်မောင်ပင်အံ့သြလို့သွား၏။

''ဟာ ဘယ်လိုဖြစ်တာလဲ''

ဒေါ်မာလာနွယ်မျက်ဝန်းထဲမှ မျက်ရည်ပူတို့စီးကျလာသည်။

သူလုံးဝစကားမပြောနိုင်တော့ ဆွံ့အလို့သွားလေပြီ။

''ဦးမောင် ဘယ်လိုလုပ်ကြမလဲ မာမီစကားမပြောနိုင်တော့ဘူး''

''အင်း ... ဦးမောင်တို့ဆေးခန်းက ဆရာဝန်ကြီးဆီလှမ်းမေးလိုက်ဦးမယ်၊ သူကအတွေ့အကြုံတွေများတော့ သိမလားမသိဘူး၊ လိုအပ်ရင် သမီးမာမီကို ဦးမောင်တို့ဆေးခန်းကိုခေါ်ကုမယ်''

''မာမီသာကောင်းမယ်ဆိုရင် ကုပေးပါဦးမောင်ရယ်၊ ဘယ်လောက်ပဲကုန်ကုန်ပါ''

''ငွေကြေးက ပြဿနာမရှိပါဘူး၊ ဦးမောင်ရဲ့ဆေးခန်းပဲ ပြဿနာက အခုလိုဖြစ်ရင်ဘယ်လိုကုရမလဲဆိုတာပဲ''

ဒေါက်တာဦးမောင်မောင်က သုဝတီကိုရှင်းပြပြီး ဒေါ်မာလာနွယ်၏





ပါးပေါ်ကျနေသည့်မျက်ရည်တို့ကို တယုတယသုတ်ပေးလို့နေသည်။

သုဝတီလည်းထိုမြင်ကွင်းကိုဆက်၍မကြည့်လိုတာကြောင့် အခန်းအပြင်သို့ထွက်လို့လာသည်။

ထူးဆန်းစွာဆွံ့အသွားသည့် မာမီတစ်ယောက် ဘာတွေကြုံတွေ့ခဲ့လဲဆိုတာ တွေးမရအောင်ဖြစ်ရသည်။ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိပြီး ဒွက်လက်ထက်မြက်သည့်မာမီဟာ အခုတော့ ...

ဒီအကြောင်းကို မင်းခအားပြောလျှင်ကောင်းမည်လားဟုလည်းတွေးမိသည်။

တကယ်လို့ ... မာမီ့အဖြစ်ကိုမင်းခသာသိလျှင် ဘာပြောမလဲဟုတွေးစားမိ၏။ ဒက်ဒီရဲ့ဝိညာဉ်ဟာ မင်းခဆီမှာတကယ်ရှိတယ်ဆိုရင် မာမီကိုကြည့်ဦး ဘယ်လိုဖြစ်မလဲဟု သုဝတီတစ်ယောက်တွေးနေမိတော့သည်။

❖ ⌘ ❖



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ... ဘယ်လိုလုပ်လိုက်တာလဲ မင်းခ"

"ဘာကိုပြောတာလဲ သု ... "

သုဝတီက မင်းခကိုအရေးတကြီးပြောစရာရှိသည်ဟုဆိုကာ ကော်ဖီဆိုင်လေးသို့ချိန်းလိုက်သည်။

မင်းခက ဆိုင်ထဲဝင်လာပြီး စားပွဲခုံနားရောက်၍ ထိုင်တောင်မထိုင်ရသေး။ သုဝတီကလှမ်းပြောလိုက်သည်။

"ရှင် ဟိုတစ်ရက်ညက မာမီ့ဆီဖုန်းဆက်သေးလား"

"မဆက်ပါဘူး"

"ရှင် မညာပါနဲ့၊ မာမီအခုအထူးကုဆေးခန်းမှာတင်ထားရပြီ"

"ဟင်"

မင်းခအံ့သြသွားသည်။ သုဝတီကဆက်၍ ...

"မာမီ စကားမပြောနိုင်တော့ဘူး၊ သူစာနဲ့ရေးပြတာက ဒက်ဒီ သူ့ဆီဖုန်းဆက်တယ်တဲ့၊ နောက်ပြီး ... ဒက်ဒီကသူ့ကိုလာခေါ်တယ်ပြောတာပဲ"

"ကိုယ်တကယ်ပြောတာပါ သုမာမီဆီ ကိုယ်ဖုန်းမဆက်ပါဘူး"





"အဲဒါဆို ... ဘယ်သူဆက်လဲ၊ ရှင်ပဲဆက်မယ့်လူရှိတာ၊ မာမီက အရမ်းကိုကြောက်နေတာ"

သုဝတီက စိတ်ဆိုးစွာမျက်နှာထားတင်းတင်းနှင့်ပြောတော့ မင်းခရဲ့ မျက်နှာငယ်လို့နေသည်။

"ကိုယ်တကယ်ပြောတာကိုယုံပါ ... ကိုယ်က နွယ့်ကို အဲ သုမာမီကို အထိတ်တလန့်ဖြစ်အောင်လုပ်မယ့်သူမဟုတ်ပါဘူး။ အဲဒီညက ကိုယ်တကယ်ကို နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတာပါ"

"ဆရာဝန်ကြီးကပြောတယ် မာမီအာရုံကြောတချို့ထိနိုက်သွားတယ်တဲ့"

"ကိုယ် လိုက်ကြည့်လို့ရမလားသု"

"မဖြစ်ဘူးထင်တယ် ... မာမီက ရှင့်ကိုလုံးဝလက်ခံတာမဟုတ်ဘူး"

မင်းခက သုဝတီကိုကြည့်နေရာမှ ဆိုင်ပြင်သို့ရီဝေစွာကြည့်ပြီး ...

"သု ... မာမီ အခုလိုဖြစ်တာကိုယ်လုံးဝစိတ်မကောင်းဘူး။ သူ့စိတ်က သူ့ကိုခြောက်လှန့်တာရော မဖြစ်နိုင်ဘူးလား"

"အဲဒါတော့ မသိဘူး။ မာမီစကားပြန်ပြောနိုင်ဖို့ လိုအပ်ရင် ရန်ကုန်သွား ဆေးကုရမယ်"

"အင်းလေ ... သုတို့ရန်ကုန်သွားဆေးကုရင် ကိုယ်လိုက်ခဲ့မယ်၊ လိုအပ်တာအားလုံးကိုယ်ကူညီပါ့မယ်"

"မာမီကတော့ လက်ခံမယ်မထင်ဘူး"

"ဟင်း"

သုဝတီစကားကြောင့် မင်းခသက်ပြင်းကိုချလိုက်သည်။

"မင်းခ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင် ... ရှင်ကိုယ်တိုင်ဘဝမှန်ကိုသိရက်သားနဲ့ ကိုယ့်စိတ်ကိုယ် ဘာလို့လိမ့်ညာဖို့ကြိုးစားနေရတာလဲ"

"ကိုယ်မလိမ်ပါဘူး သု၊ ကိုယ့်ရဲ့စိတ်ကကို သုဒက်ဒီရဲ့ဝိညာဉ်လွှမ်းမိုး ခံရသလိုဖြစ်နေတာ၊ မင်းခဆိုတာ ဒီရုပ်ခန္ဓာပဲရှိတာလေ"

"သုကတော့မတွေးတတ်တော့ဘူး"

မင်းခက သုဝတီကိုသေချာစိုက်ကြည့်၍ ...

"တစ်ချိန်ချိန်မှာအရာအားလုံးဟာ နေရာမှန်ကိုရောက်စမြဲပါပဲ [...] မရောက်ခင်အချိန်လေးမှာ ကိုယ်မြတ်နိုးတွယ်တာခဲ့တဲ့ မိသားစုလေးနဲ့ အ[...] ရှိနေချင်တာလေ"

"ဟင်း"

အခုတစ်ခါသက်ပြင်းချလိုက်ရတာက သုဝတီပင်ဖြစ်၏။ မင်းခရဲ့စိ[...] ဓာတ်တွေမှာ သုဒက်ဒီရဲ့စိတ်တွေဖြစ်နေတာကြောင့်လည်း၊ သူ့ကိုသားသမီ[...] တစ်ယောက်လိုပဲမြင်နေခြင်းဖြစ်၏။

သူကတော့ ...

သုဝတီခေါင်းကိုခါရမ်းကာ အတွေးတွေကိုရှင်းပစ်လိုက်သည်။

"အိမ်မှာ စန္ဒယားကြီးမရှိတော့ဘူး မင်းခ"

"ဟင် ... ဘယ်ရောက်သွားလဲ ကိုယ်လာတီးမှာစိုးလို့ သုမ[...] ဘာလုပ်လိုက်လဲ"

"အဘိုးကြီးတစ်ယောက်လာဝယ်လို့ရောင်းလိုက်တယ်၊ မာမီ[...] ဈေးတောင်မပြောဘူး ပေးသလောက်ယူထားလိုက်တာ"

"ဩော် ... "

မင်းခကရေရွတ်လိုက်သည်။ သုဝတီကတော့ သူ့ဒက်ဒီအလွန်မြတ်[...]





[...]ခဲ့တဲ့ စန္ဒယားကြီးကို မာမီရောင်းလိုက်သည့်အတွက် စိတ်မကောင်းပေမယ့် [...]ဘာမှမတတ်နိုင်ခဲ့။ သူတို့နှစ်ယောက် စကားပိုင်းကတိတ်ဆိတ်လို့နေသည်။

ခဏကြာတော့ ...

သုဝတီမတ်တတ်ထရပ်၍ ...

"သု သွားတော့မယ် မာမီမျှော်နေတော့မယ်"

"ကိုယ် လိုက်ပို့ပေးမယ်လေ"

"ရတယ် ... သုမှာ ဆိုင်ကယ်ပါတယ်၊ နောက်မှပဲ မင်းခဆီ [...]နဲ့ဆက်လိုက်တော့မယ်"

"အရေးတကြီးကိစ္စဆိုရင် အချိန်မရွေးဖုန်းဆက်လိုက်ပါသု"

"ဟုတ်ကဲ့ သွားပြီ"

သုဝတီက မင်းခကိုနှုတ်ဆက်ကာ ဆိုင်ထဲမှထွက်လာခဲ့သည်။

မင်းခတစ်ယောက် သူ့ကိုဘယ်လိုအမြင်နဲ့ပဲဆက်ဆံပါစေ သူ့အတွက် [...]တော့ သူ့ရင်ထဲကခံစားမှုကပြောင်းလဲမသွား ...

ဖခင်တစ်ယောက်ရဲ့စိတ်နဲ့ ရပ်တည်နေတဲ့မင်းခဟာ တစ်နေ့သောအချိန် [...] သူ့အပေါ်ဘယ်လိုပြောင်းလဲလာမလို့တွေးရင်းအကြိမ်ကြိမ်ရင်မောလို့လာရ [...]ယ်ဆိုတာ ...

ကိုယ့်ရင်ကိုကိုယ်အသိဆုံးပဲဖြစ်မည်လေ ...

❖ ⌘ ❖



www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ချက်တွေနှင့် အကြံကြီး
သူရဲ့ အဆုံးတစ်နေ့က ...

အခန်း (၁၂)

**လောဘနီဂုံး**

"ဂူး ... ကျွိ ... "

ကားကို အိမ်ရှေ့ဆင်ဝင်အောက်မှာရပ်လိုက်ပြီး ဦးမောင်မောင်အိမ်ထဲသို့တန်းဝင်လာခဲ့သည်။ အိမ်ခြံဝတွင်စုံခဲ့သော ရှေ့နေကြီးကားကြောင့် ဒေါ်သီဂီ ဘာတွေခေါ်ပြောလဲဆိုတာ သိချင်လာ၍ အခန်းထဲသို့တန်းမတ်စွာ ဝင်လာခဲ့သည်။

"သီဂီ _ ရှေ့နေကြီးဘာလာလုပ်တာလဲ"

အိပ်ရာပေါ်မှာလှဲနေသည့် ဒေါ်သီဂီက အားယူ၍ ထထိုင်လိုက်ပြီး ...

"သီဂီလုပ်ချင်တဲ့ ကိစ္စတွေကိုခေါ်ဆွေးနွေးတာပါ"

"သီဂီက ဘာတွေလုပ်ချင်တာလဲ"

ဦးမောင်မောင်က ဒေါ်သီဂီ၏မိဘတို့ပိုင်ဆိုင်မှုကို သူ့နာမည်နှင့်ညှိချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း အတတ်နိုင်ဆုံးချိုသာစွာမေးလိုက်၏။

"သီဂီ လုပ်ချင်တာတွေအများကြီးပါ၊ ဒါပေမယ့် မလုပ်နိုင်တော့ပါဘူး။ ရွှေနေကြီးပဲလုပ်ပေးမှာပါ"

"ရွှေနေကြီးက ဘာလုပ်ပေးမှာလဲ၊ မင်းယောကျ်ား ကိုယ်တစ်ယောက်လုံးရှိနေတာပဲမလား"

"ဟင်း ... ဟင်း"

ဒေါ်သီဂီလှပစွာရယ်မောလိုက်သည်။ ဦးမောင်မောင် ဘာဖြစ်ချင်လဲဆိုတာသူသိတာပေါ့ ...

"ကိုယ့်မိတ်ဆွေရွှေနေတွေရှိတာပဲကွာ သီဂီကမယုံမကြည်နဲ့၊ သီဂီတို့ရွှေနေကြီးကအသက်လည်းကြီးပါပြီ"

"ရတယ် ကိုမောင်၊ ရွှေနေကြီးကဖေဖေရဲ့မိတ်ဆွေရင်း စိတ်ချရအောင် ခုနကပဲကိစ္စ၊ အားလုံးကို ရွှေနေကြီးနဲ့တိုင်ပင်ပြီးလုပ်သင့်တာတွေအကုန်လုပ်လိုက်ပြီ"

"ဟင် ... ဘာ ... ဘာတွေလုပ်လိုက်တာလဲ သီဂီ၊ မနောက်နဲ့ နော် ကိုယ်မပါဘဲ လုပ်လို့ရမှာမှမဟုတ်တာ"

ဒေါ်သီဂီက လှပစွာ ပြုံးလိုက်၏။ ပြီးတော့ လေသံအေးအေးနှင့် ...

"ရှင့်ရဲ့မဟုတ်တဲ့ဆေးဝါးတွေသောက်ပြီး သီဂီလည်း မကြာခင်သေတော့မှာလေ၊ မသေခင်မှာ သီဂီရဲ့မိဘတွေပိုင်ဆိုင်မှုအားလုံးကို မိဘမဲ့ဂေဟာနဲ့ဘုန်းကြီးကျောင်းတွေ၊ လူအိုရုံတွေကိုလှူလိုက်တယ်"

"ဘာ ... "

ဦးမောင်မောင်ရဲ့အသံက ကျယ်လောင်စွာထွက်ပေါ်လို့လာသည်။

"ရှင် သီဂီကိုတစ်သက်လုံးရက်စက်ခဲ့တယ်၊ ဝေဒနာသည်တစ်





ယောက်ကို ဂရုတစိုက်လုပ်ရမယ့်အစား ဥပေက္ခာပြုခဲ့တယ်၊ ဖောက်ပြန်မှုတွေတာလည်း ပြောမလောက်အောင်ပဲ၊ ရှင်ဟာအင်မတန်အတ္တကြီးတဲ့လူတစ်ယောက်ဒါကြောင့် ရှင်နဲ့ဘာမှမထိုက်တန်ဘူး ...

အလိုအပ်ဆုံးအလှူကို သီဂီလုပ်လိုက်တာပဲ၊ အဲဒီအတွက် တမလွန်က သီဂီမိဘတွေရော မကြာခင်တမလွန်သွားမယ့် ကျွန်မအတွက်ရော ကောင်းတာပေါ့"

"မင်း ... မင်း ... ငါလုပ်လိုက်တော့မယ်"

ဦးမောင်မောင်က ဒေါ်သီဂီအားလက်နှင့်ရွယ်လိုက်ရ ဒေါ်သီဂီကအပြုံးမပျက်ဘဲ ...

"သီဂီကသေလှုပဲ သတ်လိုက်လေ သီဂီသေရင် ရှင်ဥပဒေနဲ့ရင်ဆိုင်ရမှာပဲ"

"ဟင်း ... ဟင်၊ ... "

ဦးမောင်မောင်က သူ့လက်ကိုပြန်၍ရုပ်လိုက်သည်။

"ရှင်သိအောင်ဆက်ပြောမယ်၊ ရှင်အခုဖွင့်ထားတဲ့ဆေးခန်းကိုလည်း ကုသိုလ်ဖြစ်ဆေးခန်းလုပ်ဖို့ ရွှေနေကြီးကိုပြောလိုက်ပြီ၊ ရှင့်ရဲ့ဘဝမှန်ကိုရှင်ပြန်သွားရမယ်"

"အလကား မိန်းမ၊ နင်လုပ်ချင်တိုင်းလုပ်လို့ရမလား"

"ရလို့ လုပ်လိုက်ပြီပဲ၊ အရင်ထဲက ရှင့်မှာဘာရှိလို့လဲ၊ သီဂီသေသွားရင် ရှင်လည်းဒီအိမ်ကဆင်းပေးရမှာ၊ အကုန်လှူပြီးသား ရှင်ကျေနပ်လိုက်ပါ ရှင့်လုပ်ရပ်တွေအတွက် ကျေကျေနပ်နပ်ကို လက်ခံလိုက်ပါ"

ဦးမောင်မောင်က ဒေါသဖြစ်လွန်း၍ အသားများ တဆတ်ဆတ်တုန်နေသည်။

သူ့ရဲ့မျှော်လင့်ချက်အားလုံး ကုန်ဆုံးလို့သွားလေပြီ။ ဒေါ်သီဂီကို သူဓား

www.burmeseclassic.com



စိုက်ခဲ့တာ မြန်မြန်သေဆုံးစေရန် ဆန့်ကျင်ဘက်ဆေးတို့ကို ရက်ရှည်တိုက်ခဲ့တာတွေအတွက် ဒေါ်သိင်္ဂီကလှလှပပနှင့် ထိရောက်စွာ ကလဲ့စားချေလိုက်သည်လေ။

ဦးမောင်မောင်က အရှုံးတစ်ယောက်ပမာ ဒေါ်သိင်္ဂီအား ...

"အတွင်းပစ္စည်းတွေရော ဘယ်မှာလဲပေးစမ်း အခုထုတ်ပေး"

ပြောလိုက်ရာ ဒေါ်သိင်္ဂီက ...

"ဘယ်မှာရှိတော့လို့လဲ ရှင် ဂျင်ကစားလိုက်တာကုန်ပြီလေ"

"ဟင် ... မင်း ... မင်း"

"ရှင့်လုပ်ရပ်တွေ သိင်္ဂီအကုန်သိပြီးသားပဲ မပြောချင်လို့သာနေနေတာ အခုတော့အားလုံးပြီးသွားပြီ"

ဦးမောင်မောင်ဒေါသဖြစ်လွန်းပေမယ့် ကိုယ့်စိတ်ကိုကိုယ်ထိန်းကာ အခန်းတံခါးကိုပိတ်၍ ထွက်လာရာ အခန်းထဲမှ ဒေါ်သိင်္ဂီက အားရပါးရယ်မော၍ ကျန်ခဲ့လေတော့သည်။

❖ ⌘ ❖



"အဲဒါပဲ နွယ် ... မောင်ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ဘူး"

ဒေါက်တာဦးမောင်မောင်က စိတ်ပျက်စွာပြောလိုက်ရာ ...

ဒေါ်မာလာနွယ်က မျက်လုံးအကြောင်သားဖြင့် ဦးမောင်မောင်ကိုကြည့်နေသည်။

ဒေါ်မာလာနွယ်က ဦးမောင်မောင်၏အထူးကုဆေးခန်းက ခုတင်ပေါ်တွင်ပက်လက်အနေအထားဖြစ်နေသည်။ စကားလည်းပြောနိုင်ခြင်းမရှိတော့။

တစ်ခုခုပြောလျှင် စာရွက်ပေါ်၌စာရေးကာပြောရသည့်အခြေအနေဖြစ်နေ၏။

"မောင် အပြင်မှာပေးစရာရှိတဲ့အကြွေးတွေကလည်းမနည်းဘူး သိင်္ဂီလုပ်ချင်သလို လုပ်လိုက်တာ မောင်ဒုက္ခရောက်ပြီ ...

နွယ် မောင့်ကိုကယ်ပါဦး။ မောင်ငွေအရမ်းလိုနေတယ်"

ဒေါ်မာလာနွယ်က စက္ကူနှင့်ဘောပင်ကိုယူ၍ ဒေါက်တာဦးမောင်မောင်အားစာရေး၍ပြသည်။

"နွယ့်မှာရှိတဲ့ ပစ္စည်းမှန်သမျှကို သုဝတီနာမည်နဲ့ထားတာ ငွေနဲ့အတွင်းပစ္စည်းနည်းနည်းပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒုက္ခပါပဲ"

ဦးမောင်မောင် သူ့ခေါင်းကိုလက်နှစ်ဖက်နှင့်ကုက်ကာထ၍ အခန်းအပြင်သို့ထွက်သွားသည်။

ဒေါ်မာလာနွယ်က လက်ကိုဆန့်လျှက်ခေါ်သော်လည်း လှည့်၍ပင်မကြည့်တော့ ...

သူ့မှာအရေးကြီးသည့်ဖြေရှင်းစရာပြဿနာများရှိသည်လေ ...

အခုချိန်မှာ ဦးမောင်မောင်အတွက်အရေးကြီးဆုံးက ငွေပင်ဖြစ်လေတော့သည်။

❖ ⌘ ❖



မှောင်မိုက်တိတ်ဆိတ်နေသောညမှာ
ဆေးခန်းထဲသို့ မည်းမည်းသဏ္ဍာန်ကြီးကဝင်လာပြီး ...

၁

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

## ဆေးရုံဆက်သူ

အထူးကုဆေးခန်းက ညမှောင်မှောင်အောက်မှာ တိတ်ဆိတ်လို့နေသည်။

တာဝန်ကျဒေါက်တာများကလည်း သူတို့နားနေခန်းမှာ စာရွက်စာတမ်းများကိုသာကြည့်နေ၏။

လူနာများ၏အခန်းများမှာ တစ်ဦးကို တစ်ခန်းနှုန်းဖြစ်သလို အရေးကြီးလူနာများမှလွဲ၍ ကျန်လူနာခန်းများတွင်အစောင့်များမရှိကြ။

ဒေါ်မာလာနွယ်က စကားမပြောနိုင်တာကလွဲလျှင် ကျန်းမာရေးကောင်းတာကြောင့် ဘယ်သူ့ကိုမှမစောင့်စေဘဲ တစ်ယောက်တည်းသာအခန်းထဲ၌ရှိနေလေသည်။

"ရှပ် ... ရှပ် ..."

ထိုစဉ် ...

ဆေးရုံလျှောက်လမ်းအတိုင်း ခြေသံတစ်ခုကထွက်ပေါ်လို့လာ၏။



တိတ်ဆိတ်နေသော ညအမှောင်ကြောင့် ခြေသံတို့က တိုးလျှနေသော်လည်း အိပ်မပျော်နိုင်သေးသည့် ဒေါ်မာလာနွယ်က အတိုင်းသားကြားနေရသည်။

"ရှပ် ... ရှပ်"

ခြေသံကတဖြည်းဖြည်းနှင့်သူ့အခန်းဝသို့ရောက်လာပြီး ရုတ်တရက်ရပ်သွားသည်။

အခန်းမီးရောင်က မှိန်ဖျော့ဖျော့ဖြစ်နေတာကြောင့် အခန်းတံခါးကိုဖွင့်ကာ ဘယ်သူလည်းဆိုတာကိုသိချင်သော်လည်းထ၍ မဖွင့်ရဲ ...

"ကျွီ ... "

အခန်းတံခါးက တဖြည်းဖြည်းနှင့်ပွင့်လို့လာသည်။

"အာ ... "

ပါးစပ်အသံမထွက်တာကြောင့် အော်လို့လည်းမရ။ တစ်ကိုယ်လုံးသည်၊ အနက်ရောင်ဝတ်စုံနှင့်အတူ ခေါင်းကိုလည်း အနက်ရောင်ခေါင်းစောင်းဆောင်းလို့ထား၏။

"ရှပ် ... ရှပ် ... "

ဒေါ်မာလာနွယ် အသားတွေ . . . တဆတ်ဆတ် တုန်လို့လာသည်။

ပက်လက်အနေအထားမှ မျက်လုံးကို အသာမှိတ်ကာထားလိုက်ရသည်။

"နွယ် ... နွယ် ... "

အသံတိုးတိုးဖြင့် ခုတင်ဘေးကနေနေသည်။ ဒေါ်မာလာနွယ်က တကိုယ်လုံးဝမလှုပ် မျက်စိကိုလည်းမှိတ်လို့ထား၏။

"နွယ် _ ကိုယ် နွယ့်ကိုလာနှုတ်ဆက်တာပါ၊ နွယ်အခုလိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ ကိုယ်မထင်ခဲ့ပါဘူး''

ကြားနေရသည့်အသံက ကိုမြတ်သာရဲ့အသံဖြစ်နေတာကြောင့် ဒေါ်မာလာနွယ် ပို၍အံ့သြရသည်။

''ကိုယ့်သမီးလေးကိုဂရုစိုက်ပါနွယ်ရယ်၊ တမလွန်ကနေ နွယ့်ကို ကိုယ် ကြည့်နေပါတော့မယ်''

စကားသံတို့က တိမ်ဝင်လို့သွားသည်။

ထိုစဉ် ...

''ကျွီ ... ''

အခန်းတံခါးဖွင့်သံကြားလိုက်ရပြီးနောက် အခန်းထဲသို့တာဝန်ကျ သူနာပြုမလေးဝင်လို့လာသည်။

''တင်''

ရုတ်တရက်မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူနာပြုဆရာမလေး အံ့သြသွားသည်။

''ရှင် _ ဘယ်သူလဲ ညအချိန်မတော် လူနာအခန်းထဲ ဘာဝင်လုပ်တာလဲ ဒါဧည့်ချိန်မဟုတ်ဘူး''

ကျောပေးထားသည့် အနက်ရောင်ဝတ်စုံနှင့်ပုံသဏ္ဌာန်ကတဖြည်းဖြည်း နှင့်နောက်သို့လှည့်ကြည့်လိုက်ရာ _

''အမလေး ... ''

သူနာပြုဆရာမလေးက လန့်ကာအော်၍ လဲကျသွားလေတော့သည်။

မဲမဲသဏ္ဌာန်ကလုံးဝဂရုမစိုက်။ ခုတင်ပေါ်မှဒေါ်မာလာနွယ်တက်ဆီသို့ ပြန်လှည့်၍ ...

''ကိုယ်သွားတော့မယ် နွယ်''





ပြောကာ ခြေတစ်လှမ်းချင်းအခန်းထဲမှ ထွက်လို့ သွားလေတော့ သည်။

❖ ⌘ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

## ရဲတိုက်နီကြီးသို့

ဆိုင်ကယ်ကိုခြံရှေ့မှာရပ်ထားလိုက်ပြီးနောက် အသင့်ဖွင့်ထားသည့် ခြံတံခါး အတွင်းဘက်ဆီသို့ဝင်လာခဲ့သည်။ ကြောက်စရာကောင်းလှသည်ဟု နာမည်ကြီးလှသည့် ရဲတိုက်နီကြီးရဲ့ခြံထဲမှာ အမျိုးစုံလှသည့်ပန်းပင်တို့ကြောင့် အလွန်တရာမှ သာယာလှပလို့နေသည်။

အဝင်ကွန်ကရစ်လမ်းကလေးမှာလည်း ကွေ့ကာဝိုက်ကာနှင့် ဖောက် လုပ်ထားပုံမှာ ပန်းချီကားတစ်ချပ်လိုဖြစ်နေသည်။

သုဝတီ ဒီခြံကြီးထဲသို့တစ်ခါမှရောက်ဖူးခြင်းမရှိ ယခင်ကလည်း ဒီခြံ ကြီးဟာ အခုလောက်ထိသာယာလှပလိမ့်မည်ဟု မထင်ခဲ့ပါ။

တစ်မြို့လုံးကို အပေါ်မှစီး၍မြင်ရသလို လှပခန့်ညားလှသည့် ရဲတိုက် နီကလည်း တည်ငြိမ်ခန့်ညားစွာရှိနေသည်။

တစ်ခါမှ မရောက်ဖူးပေမယ့် သောမရဲ့ဖိတ်ခေါ်မှုကြောင့် သုဝတီအခု စွန့်ကာလာခဲ့ခြင်းဖြစ်သည်။





"လုံမလေး ဘာကိစ္စရှိလို့လဲ"

"ရှင်"

သုဝတီရဲ့နောက်ကျောကထွက်ပေါ်လာသည့် အသံကြောင့် လှည့်ကြည့် လိုက်ရာ အသက်ခြောက်ဆယ်ကျော်အဘိုးအိုတစ်ဦးကိုတွေ့လိုက်ရသည်။

အဘိုးအိုက အင်္ကျီလက်တိုနှင့်ရှမ်းဘောင်းဘီကိုဝတ်လို့ထား၏။

"ဒီအိမ်က ကိုသောမနဲ့တွေ့ချင်လို့ပါ"

အဘိုးအိုက သုဝတီကိုသေချာစွာစေ့စေ့ကြည့်လိုက်သည်။

"လူလေးက ခေါ်ထားလို့လား"

"ဟုတ်ကဲ့ အဘ"

"ဒီလိုဆို အိမ်ထဲလိုက်ခဲ့လေ လူလေးကိုအဘသွားခေါ်ပေးမယ်"

အဘိုးအိုက သုဝတီကိုကျော်၍ရှေ့မှထွက်သွားရာ သုဝတီကလည်း နောက်မှလိုက်၍လာခဲ့သည်။

အိမ်ထဲရောက်တော့ သုဝတီပို၍အံ့သြလို့သွားသည်။ ခမ်းနားကျယ်ဝန်း လှသည့် ဧည့်ခန်းကြီးထဲတွင် ကျွန်းကုလားထိုင်ကြီးများအပြင် နီရဲနေသော ကော်ဇောကြီးများက မနင်းရက်လောက်အောင်ကောင်းလှ၏။

အခန်းနံရံတွင် ချိတ်ဆွဲထားသည့်ပန်းချီကားကြီးများမှာလှပလွန်းလှ သည်။

"လုံမလေး ခဏထိုင်ဦး အဘလူလေးကိုသွားခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အဘ"

သုဝတီကထိုင်ခုံတစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။ အဘိုးအို အိမ် အတွင်းဘက်သို့ဝင်၍သွား၏။ ခဏကြာတော့ ...

လွန်စွာ ဩဆောင်မှုရှိသည့်အသံနှင့်အတူ ...

"မင်းရောက်လာပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

သုဝတီခေါင်းညိတ်လိုက်တော့ သောမက ခြေကိုတစ်လှမ်းချင်းလျှောက်ရှုလာပြီး သုဝတီရှေ့တွင်မတ်တတ်ရပ်လိုက်သည်။

"မင်း ... ဒက်ဒီနဲ့စကားပြောချင်တာလား"

"ဟို ... ဟို ... "

သောမက သုဝတီပြောချင်တာကိုသဘောပေါက်စွာဖြင့် –

"ပြောပါ ရဲရဲသာပြော"

"ဒက်ဒီ့ဝိညာဉ်နဲ့လူကိုအပြင်မှာတွေ့ခဲ့ပြီးပြီ"

"ဟား ... ဟား ... "

သောမက အားရပါးရရယ်မောလိုက်သည်။

ပြီးတော့ ...

"ကိုယ်အားလုံးသိပြီးပါပြီ။ မနက်ဖြန်လပြည့်ညမှာ မင်းဒက်ဒီရဲ့ဝိညာဉ်မူရင်းနေရာကို ပြန်ရောက်အောင်ကိုယ်ပြန်ခေါ်ပေးမှာပါ"

"ဟို ... မင်းခက ... "

"မင်းခရဲ့ဝိညာဉ်က အရင်ထဲကသူ့ခန္ဓာကိုယ်မှာရှိနေတာပါ။ မင်းဒက်ဒီရဲ့ ဝိညာဉ်ကလွှမ်းမိုးလွှမ်းလို့ သူဟာ မင်းခမဟုတ်ဘဲ မင်းဒက်ဒီဖြစ်နေတာလေ"

သုဝတီ သဘောပေါက်လိုက်သွားသည်။

"ဒက်ဒီဝိညာဉ်က ဘယ်ကိုသွားမှာလဲဟင်"

"အကုန်လုံးကို သိချင်ရင် မနက်ဖြန်ညဒီကိုလာခဲ့ပါ။ အားလုံးကိုယ်ဖိတ်ထားပါတယ်"

"ဘယ်သူတွေလဲ ဟင်"

သုဝတီရဲ့အမေးကို သောမကပြုံး၍





"မင်းရောက်တော့သိမှာပေါ့ အခုတော့ပြန်လိုက်ဦး။ ကိုယ်လည်း လုပ်စရာရှိသေးတယ်"

သုဝတီလည်း ဘာစကားဆက်ပြောရမှန်းမသိတာကြောင့် ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ပြီး သောမရှေ့မှလှည့်ထွက်မည်ပြုလိုက်ရာ သောမက

"ခန္ဓာတစ်ခုထဲမှာ မင်းဒက်ဒီဝိညာဉ်နဲ့မင်းခဝိညာဉ်နှစ်ခုရှိနေတယ်။ မင်းအနေနဲ့ ဘယ်ဝိညာဉ်ကိုထွက်သွားစေချင်လဲ"

"ရှင်"

"ကိုယ်မေးတာကို အမှန်အတိုင်းပြောပါ"

သုဝတီက သောမကိုခေါင်းစောင်းကာလှည့်ကြည့်ပြီး –

"သု မဖြေတတ်ဘူး။ အရာရာကို ကံတရားလို့ပဲတွေးထားတယ်"

"ဟား ... ဟား ... "

သောမက အားရပါးရရယ်လေရာ သုဝတီလည်ဘာမှဆက်မပြောတော့ဘဲ သောမရှေ့ကနေထွက်လို့လာခဲ့သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

အခန်းတစ်ခုလုံး တိတ်ဆိတ်လို့နေသည်။ အခန်းထောင့်မှာတော့ ကြီးမားလှသည့် စန္ဒယားကြီးတစ်လုံး ...

ထိုစန္ဒယားကြီးကို သုဝတီမြင်တော့ အံ့ဩလို့သွားသည်။ သူတို့အိမ်က စန္ဒယားကြီးဖြစ်နေ၏။

အခန်းအလယ်မှာတော့ ခုတင်လွတ်တစ်လုံးနှင့် လူတစ်ယောက် ထော်လက်အနေအထားပေါ်တွင် ပိတ်ဖြူဖြင့်အုပ်ထားသည့် ခုတင်တစ်လုံး ...

ထိုခုတင်နှစ်လုံးကို ယှဉ်၍ချထားသည်။ အခန်း၏ဘေးဘက်ခုံများမှာတော့ မာမီနှင့်ဒေါက်တာဦးမောင်မောင် သူတို့ဘေးမှာ သုဝတီကထိုင်နေသလို တခြားခုံများပေါ်တွင် မင်းခနှင့်သုဝတီတစ်ခါမှမမြင်ဖူးသည့် အသက်ငါးဆယ်ခန့် လူကြီးငါးဦးထိုင်နေ၏။

သူတို့ကို ထိုင်ရန်နေရာပေးထားသည်။ အဘဦးစိုင်းဖော်ကတော့ စန္ဒယားဘေးမှာမတ်တတ်ရပ်လို့နေသည်။

ထိုစဉ် ...

"ဒေါက် ... ဒေါက် ... ဒေါက် ..."

---

ရှိရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com



စည်းချက်တစ်ခုလို ညီညာလှသည့်ခြေသံနှင့်အတူ အခန်းထဲသို့ အနက်ရောင်ဝတ်ရုံကြီးဝတ်ဆင်ထားသည့် သောမတစ်ယောက် ဝင်လို့လာသည်။

ဆံပင်ကိုနောက်ဘက်သို့လှန်ကာ ပြောင်လက်နေအောင်ဖြီးလို့ထားပြီး ထူထဲလှသည့် မျက်လုံးမွေးအောက်က မျက်လုံးများမှာ ရူးရဲတောက်ပလွန်းသည်။

သောမက ... အခန်းထိပ်၌ရပ်လိုက်ပြီး ... ဩဇာပါလှသည့်အသံဖြင့် ...

"အခုကြွရောက်လာတဲ့ လူအားလုံးကို ရှင်းတမ်းလေးတစ်ခုပြချင်လို့ပါ၊ အရမ်းထူးဆန်းတဲ့အဖြစ်အပျက်လေးတစ်ခုလည်းဖြစ်ပါတယ်၊ အားလုံးက သေပြီးဆိုပြီးသင်္ဂြိုဟ်ခဲ့တဲ့ ခန္ဓာတစ်ခုကိုမျှော်လင့်ဘဲ သင်္ချိုင်းမှာကျွန်တော်တွေ့ခဲ့တယ်၊ ဒါနဲ့ပဲအလောင်းကို သင်္ချိုင်းစောင့်နဲ့သက်ဆိုင်ရာခွင့်ပြုချက်ယူပြီး ကျွန်တော့်အိမ်မှာထားပြီးလေ့လာခဲ့တယ် ...

ရက်တွေကြာလာတဲ့အထိ အလောင်းကမပုပ်သေးဘူး၊ ခန္ဓာကိုယ်ရဲ့ဆဲလ်တွေအလုပ်လုပ်နေတုန်းပါပဲ၊ အဲဒီမှာပဲ ဒီမြို့ကကောင်လေးတစ်ယောက်ရောက်လာတယ်၊ ထူးဆန်းတာက ကောင်လေးဟာကိုယ်ပိုင်ဝိညာဉ်နဲ့မဟုတ်တော့ ဆက်စပ်ကြည့်လိုက်တော့ သူတို့ဟာတစ်နေရာထဲမှာမဟုတ်ပေမယ့် အချိန်ကာလဟာ စက္ကန့်မခြားဘဲပြင်းထန်တဲ့ ထိခိုက်မှုနဲ့ဝိညာဉ်တွေ သူတို့ခန္ဓာကိုယ်ကထွက်သွားခဲ့ကြတယ်၊ ဝိညာဉ်ပြန်ရောက်လာမည့်အချိန်မှာ သင်္ဂြိုဟ်ပြီးတဲ့ခန္ဓာကြောင့် ဘဝမကူးနိုင်ခင်မှာ သူနဲ့တစ်ထပ်ထဲထွက်ခွာခဲ့တဲ့ ဝိညာဉ်နဲ့အတူ ခန္ဓာထဲပေါင်းစပ်ဝင်ခဲ့တယ် ...

ဒီညမှာ ဒီပြဿနာကိုကျွန်တော်ဖြေရှင်းမှာပါ၊ အားလုံးလည်းသိချင်မှာပါ ဝိညာဉ်ပြန်ဝင်လို့မရတဲ့ ခန္ဓာဟာ ဘယ်သူ့ခန္ဓာလဲဆိုတာ ... "





သောမကပြော၍ ပိတ်ဖြင့်အုပ်ထားသည့်ခုတင်ရှေ့၌ မတ်တတ်ရပ်လိုက်စဉ် ...

"ဖတ်"

အခန်းထဲရှိမီးများအားလုံးပိတ်သွားပြီး အလွန်အားကောင်းသည့် မီးနှစ်လုံးက ခုတင်တစ်လုံးစီပေါ်ဖြာကျလို့သွားသည်။

"ကဲ ... ကြည့်ကြ"

သောမက ခုတင်ဘေးမှာမတ်တတ်ရပ်လျက် ပိတ်ဖြူကိုဆွဲလှန်လိုက်ရာ ...

"ဟင်"

"ဟာ"

"ဒက်ဒီ ... "

သုဝတီရဲ့ပါးစပ်က အသံထွက်လို့သွားသည်။ မင်းခက သောမဘေးသို့ အပြေးလာကာ ခုတင်ပေါ်က ကိုမြတ်သာကိုကြည့်နေသည်။

မလှုပ်မယှက်အိပ်ပျော်နေသည့် ကိုမြတ်သာက လူသေကောင်တစ်ယောက်လိုငြိမ်သက်နေသည်။

"ငါ ... ငါ့ခန္ဓာ ... "

"ကဲ ... ဟို ခုတင်မှာသွားလှဲလိုက် ... "

"ဗျာ"

သောမက မင်းခရဲ့ပခုံးကိုပုတ်ကာပြောလိုက်တော့ မင်းခရဲ့မျက်လုံးတွေက ကြောင်တောင်တောင်ဖြစ်သွားပြီး သောမပြောသည့်အတိုင်း ဘေး ခုတင်လွတ်မှာသွားလှဲလိုက်သည်။ သောမက လွန်စွာဩဇာပါသည့် လေသံဖြင့်

"အခုချိန်ကစပြီး အရမ်းအရေးကြီးတဲ့ပြဿနာကိုဖြေရှင်းတော့မှာမို့ ဘာအသံမှမထွက်ကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သောမက ပြောလိုက်ရာ အခန်းတစ်ခုလုံးတိတ်ဆိတ်သွားသည်။

သောမက အဘဦးစိုင်းဖော်ကိုလှမ်းကြည့်လိုက်ရာ အဘဦးစိုင်းဖော်က သဘောပေါက်စွာခေါင်းကိုညိတ်လိုက်သည်။

ထို့နောက် ...

စန္ဒယားကြီးရှေ့မှတ်တတ်ရပ်ကာ လွန်စွာငြိမ့်ညောင်းလှသည့် သံစဉ်တို့ဖြင့် တီးတော့သည်။

သောမရဲ့လက်တွေက ကိုမြတ်သာနှင့်မင်းခတို့ခန္ဓာပေါ်မှငေ့ကာဝိုက်ကာနှင့်သံစဉ်တို့နှင့်အတူလှုပ်ရှားနေ၏။

အတန်ကြာအောင် စန္ဒယားသံစဉ်ထွက်လာပြီး ...

"ဟိတ်"

သောမရဲ့အသံနှင့်အတူ စန္ဒယားအသံကရပ်လို့သွားသလို ကိုမြတ်သာရဲ့ခန္ဓာကိုယ်ကလှုပ်လာပြီး တဖြည်းဖြည်းနှင့်ထထိုင်လာသည်။

အိပ်ပျော်နေရာမှ လန့်နိုးလာသလို ဟိုဟိုဒီဒီလိုက်ကြည့်သည်။

"ဖတ်"

"ဟာင်"

အခန်းတစ်ခုလုံး မီးများလည်းလင်းလို့သွားရာ သုဝတီက ...

"ဒက်ဒီ"

"သမီး"

ကိုမြတ်သာအား အတင်းပြေးဖက်လိုက်လေသည်။

"ဒက်ဒီ ... မ ... မသေဘူးနော်"

"ရှင် ... ရှင် ... "

အသံထွက်လာတာက ထိုင်ခုံတွင်ထိုင်နေသည့် ဒေါ်မာလာနွယ်ဖြစ်သည်။





သုဝတီဝမ်းသာစွာဖြင့် ...

"ဟာ ... မာမီစကားပြန်ပြောလို့ရပြီ"

အော်လိုက်ရာ ဒေါ်မာလာနွယ်က မျက်လုံးကြီးပြူး၍ လက်ညှိုးနှင့်ကိုမြတ်သာကိုထိုးကာ ...

"သ ... သရဲ ... အား ... "

အော်ကာလဲကျသွားသည်။

"မာမီ"

"နွယ်"

သုဝတီနှင့်ကိုမြတ်သာက ဒေါ်မာလာနွယ်ကိုပြေးပွေ့လိုက်စဉ် ခေါက်တာမောင်မောင်ကတော့ ခေါင်းကြီးစိုက်ကာ အခန်းထဲမှထွက်သွားသလို မင်းခကတော့ ခုတင်ပေါ်မှာ သတိလစ်မေ့မြောလို့နေလေတော့သည်။

❖ ⌘ ❖



www.burmeseclassic.com

www.burmeseclassic.com

**အဆုံး**

"ရှင် တကယ်ပဲ သုတ္တိမြို့ကပြန်တော့မှာလား"

"အင်းလေ ‥ ကိုယ်အိပ်မက်မက်ပြီးရောက်နေသလို ရောက်နေတဲ့ မြို့လေ အခုတော့အိပ်မက်ကနိုးခဲ့ပြီပဲ"

"ဟင့် ... ဟင့်"

မြို့အထွက် မင်းခရဲ့ကားဘေးနားမှာရပ်စကားပြောကြရင်း မင်းခဝတား ကြောင့် သုဝတီကငိုတော့သည်။

"ဘာလို့ ငိုတာလဲ သုသု"

"မင်းခက အိပ်မက်မက်သလိုဆိုတော့ ဖအေလိုခံစားလိုက်ပြီးတော့"

သုဝတီရဲ့စကားသံရပ်လို့သွားသည်။ မင်းခက ...

"ဆက်ပြောလေ ဘယ်လိုခံစားသေးလို့လဲ"

"မသိဘူး မင်းခက အိပ်မက်ဆို"

"အိပ်မက်ဆိုပေမယ့် အိပ်မက်ထဲက နတ်သမီးကို သိပ်ချစ်ခဲ့တာ လေ"

"ရှင်"

သုဝတီ ခေါင်းလေးငုံ့လိုက်သည်။

---

**ဒိုရင့်အောင်စစဝေ**

www.burmeseclassic.com

"ကိုယ့်မှာ စိတ်နှစ်ခုဖြစ်နေတာပိုကောင်းတယ်သိလား"

"ဘာလို့လဲ"

"၅၂၈ ရော ၁၅၀၀ ပါဖပေါင်းပြီး သုကိုချစ်ရတာလေ"

"အို"

သုဝတီက ရှက်ရွံ့စွာ မင်းခရဲ့ရင်ခွင်ထဲသို့ခေါင်းလေးဝင်ကာနေလေတော့သည်။

ပြီးပါပြီး

ကြိုးစားပါဦးမည်။

**သစ်ငုတ်စိုးတဲ့ မိုးသူညီ**

တယ်လီဖုန်းဖြင့် ဝေဖန်/မိတ်ဆက်
အကြံပြုသူများမျှော်လင့်လျှက်
ဖုန်း - (၀၁)၄၀၁၃၆၄ (၀၉) ၇၃၁၁၃၉၀၉